၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.820, June 26, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## အမေရိကန်အောက်လွှတ်တော်မှာ ဒေါ်အောင်ဆန်းစုကြည်မိန့်ခွန်းပြောဆို

**VOA ၊ ဂျွန် ၂၃ ။** ။ မြန်မာနိုင်ငံမှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေကို စုံစမ်းစစ်ဆေးနိုင်မယ့် ကော်မရှင်တရပ် ကုလသမဂ္ဂက ဖွဲ့စည်းပြီး တာဝန်ပေးအပ်နိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုက အားပေးထောက်ခံဖို့ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းလိုက်ပါတယ်။ မြန်မာနိုင်ငံကအခြေအနေတွေကို သိရဖို့ ရည်ရွယ်ကျင်းပတဲ့ ဝါရှင်တန်မြို့တော်က အမေရိကန်အောက်လွှတ်တော်အတွင်းပြုလုပ်တဲ့ ကြားနာပွဲတရပ်မှာ ဒေါ်အောင်ဆန်းစုကြည်က အခုလို တိုက်တွန်းလိုက်တာပါ။ အပြည့်အစုံကို အောက် လွှတ်တော်ကို ကိုယ်တိုင်သွားရောက် သတင်းယူခဲ့တဲ့ ကိုအောင်လွင်ဦးက တင်ပြပေးထားပါတယ်။

လျှို့ဝှက်ချက် မျက်နှာဖုံးကို ထိုးဖောက်ခြင်းဆိုတဲ့ ခေါင်းစဉ်နဲ့ အမေရိကန်အောက်လွှတ်တော်မှာ ဗုဒ္ဓဟူးနေ့က ကြားနာပွဲတရပ်ကျင်းပရာမှာ သမ္မတ Barack Obama အစိုးရအနေနဲ့ မြန်မာ့ဒီမိုကရေစီရေး ကြိုးပမ်းမှုတွေကို အားပေးဖို့၊ လူ့အခွင့်အရေး အခြေအနေတွေကိုတိတိကျကျသိရအောင်လုပ်နိုင်မယ့် လုပ်ရပ်တွေကို အားပေးဖို့ ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းလိုက်တာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ ပကတိ အခြေအနေမှန်ကို သိရဖို့ဆိုရင် ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီရဲ့ မြန်မာနိုင်ငံဆိုင်ရာ နောက်ဆုံး ဆုံးဖြတ်ချက်ချမှတ်ထားတာကို ကြည့်မယ်ဆိုရင်ပဲ သိနိုင်တဲ့ အကြောင်းကိုလည်း အမေရိကန်အောက်လွှတ်တော်ကြားနာပွဲကိုက ပေးပို့တဲ့ ဗွီဒီယိုထွက်ဆိုချက်မှာ ဒေါ်အောင်ဆန်းစုကြည်က ပြောသွားတာပါ။

"ဒီဆုံးဖြတ်ချက်အပေါ် အင်မတန့်အင်မတန်အလေးအနက်ထားစဉ်းစားမယ်၊ မြန်မာနိုင်ငံကလက်ရှိအခြေအနေတွေကိုကြည့်မယ်ဆိုရင် ဒီမိုကရေစီရရှိဖို့ဘယ်လောက်တောင်အလှမ်းဝေးနေသေးသလဲ၊ဒီလမ်းစကို ရောက်တောင် ရောက်သေးရဲ့လားဆိုတာ ကောင်းကောင်းနားလည် နိုင်ပါလိမ့်မယ်။

"ဒီဆုံးဖြတ်ချက်ထဲမှာနိုင်ငံရေးအကျဉ်းသားတွေကိစ္စ၊ လွတ်လပ်တဲ့ အသင်းအဖွဲ့တွေ ဖွဲ့စည်းရေး၊ သတင်းအချက်အလက်တွေ ရရှိ ရေး၊ လွတ်လပ်တဲ့ တရားစီရင်ရေးစနစ်နဲ့ ကုလသမဂ္ဂရဲ့ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် ပါမောက္ခ Tomas Ojea Quintana အနေနဲ့ သူလိုအပ်တဲ့အချိန်မှာ တိုင်းပြည်ကို လာရောက်ခွင့်ရရေးတို့လို အင်မတန်မှအရေးကြီးတဲ့ ကိစ္စတွေပါဝင်ပါ တယ်။ ဒီလိုပဲ အားလုံးပါဝင်ခွင့်ရှိတဲ့ နိုင်ငံရေး လုပ်ငန်းစဉ်တရပ် ရှိဖို့ ဆိုတာတွေလည်း ပါဝင်ပါတယ်။"

ကုလသမဂ္ဂကကော်မရှင်တရပ်ဖွဲ့စည်းပြီး မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖောက်မှုတွေဟာ၊ စစ်ရာဇဝတ်မှု ဒါမှမဟုတ်ရင်လည်းလူသားမျိုးနွယ်အပေါ် ကျူးလွန်တဲ့ ရာဇဝတ်မှု မြောက်မမြောက် စုံစမ်းစစ်ဆေးဖို့ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် တိုမာ့စ်အိုဟေး ကင်တားနား အကြံပြုထားတာကို အားပေးထောက်ခံသွားဖို့လည်းဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းသွားပါတယ်။

ဒါပေမဲ့လည်း မြန်မာနိုင်ငံမှာ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလထဲ ရွေးကောက်ပွဲတွေ ကျင်းပအပြီး အစိုးရသစ် တက်လာတဲ့နောက် အခြေအနေတွေ တိုးတက်လာလေမလား မျှော်လင့်သူတွေ၊ ထူးခြားမှာ မဟုတ်ပါဘူးလို့ပြောကြသူတွေလို အမြင်တွေကွဲပြားနေတာမို့အမေရိကန်ဥပဒေပြုအမတ်တွေက အခြေအနေတွေကို ရှင်းရှင်းလင်းလင်း သိလိုနေကြတာပါ။

အထူးသဖြင့် မြန်မာအစိုးရအပေါ် ပြစ်ဒဏ်ခတ် အရေးယူထားတဲ့

**စာမျက်နှာ ၃ သို့**

**အီးယူ ကိုယ်စားလှယ်အဖွဲ့ ဒေါ်အောင်ဆန်းစုကြည်နှင့်ရင်းနှီးစွာဆွေးနွေး** — စာမျက်နှာ ၅
**မြန်မာဒုက္ခသည်များသည် ကမ္ဘာပေါ်တွင် ပဉ္စမ အများဆုံးဟုနာမည်ကြီး** — စာမျက်နှာ ၈
**ပြည်တွင်းစစ်ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တိုက်တွန်း** — စာမျက်နှာ ၁၃
**အစိုးရသစ်အနေနဲ့ ကတိအတိုင်း ပြုပြင်ပြောင်းလဲရေးလုပ်ရန် အီးယူပြောကြား** — စာမျက်နှာ ၁၅
**ကြပ်ပြေးနေပြည်တော်၊ မန္တလေးမြို့နဲ့ မေမြို့တွေမှာ ဗုံးတွေဆက်တိုက်ပေါက်ကွဲ** — စာမျက်နှာ ၁၆
**ကေအိုင်အေတပ်နဲ့ သမတဦးသိန်းစိန်တပ် ပူတာအိုမှာ တိုက်ပွဲဖြစ်ပွား** — စာမျက်နှာ ၁၈

# ဒေါ်အောင်ဆန်းစုကြည်ရဲ့ မွေးနေ့ဆုတောင်းမှာ "ငြိမ်းချမ်းရေးသည်သာ အရေးအကြီးဆုံး" လို့ပြောကြား

**MIZZIMA ၊ ဂျွန် ၂၀ ။** ။ တိုင်းပြည်တွင်စစ်မီးများပြန်လည်ပွားနေသည့်အနေအထားရှိသည့်အတွက် ယခုအချိန်မှာ ငြိမ်းချမ်းရေးသာ အရေးအကြီးဆုံးဖြစ်ကြောင်း တနင်္ဂနွေနေ့ကကျရောက်သည့် သူမ၏ ၆၆ နှစ်မြောက်မွေးနေ့တွင် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။

ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ရုံးချုပ်တွင် မွန်းလွဲ တနာရီမှစတင်ကျင်းပသည့် ပါတီအထွေထွေအတွင်းရေးမှူး၏ အဆိုပါမွေးနေ့ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က နှုတ်ခွန်းဆက်မိန့်ခွန်း ၅ မိနစ်ခန့် ပြောကြားခဲ့သည်။

"နိုင်ငံတနိုင်ငံ တိုးတက်ဖို့ သာယာဖို့ဆိုတာ ပထမဦးဆုံး ငြိမ်းချမ်းဖို့လိုပါတယ်။ ကျမရဲ့မွေးနေ့ဆုတောင်းကတော့ ကျမတို့အားလုံး ငြိမ်းချမ်းကြပါစေဆိုတဲ့ ဆုတောင်းပါပဲ"

ငြိမ်းချမ်းရေးဆိုသည်မှာ တဦးတယောက် တဖွဲ့တည်းမှ လုပ်၍ မရနိုင်ဘဲ အားလုံးဝိုင်းလုပ်မှရမှာဖြစ်သည့်အတွက် အားလုံးဝိုင်းလုပ်ကြရန်လည်း မေတ္တာရပ်ခံသွားသည်။

"တခြားမွေးနေ့လက်ဆောင်တွေထက် အရေးကြီးတဲ့လက်ဆောင်ကတော့ ကျမတို့နိုင်ငံမှာ ငြိမ်းချမ်းရေးရစေတဲ့ စိတ်ထားတွေ တဦးချင်းစီက ပွားပေးကြပါလို့"

ထို့ပြင် သူမ၏မွေးနေ့အား မြန်မာနိုင်ငံအမျိုးသမီးများနေ့အဖြစ် သတ်မှတ်ပေးထားသည့်အတွက် အမျိုးသမီးများအရေးကိုလည်း အထူးပြု ပြောကြားသွားခဲ့သေးသည်။

"စစ်တွေ၊ အကြမ်းဖက်မှုတွေဖြစ်ပြီဆိုရင် အမျိုးသမီးနဲ့ ကလေး ငယ်တွေဟာ အများဆုံး ဒဏ်ခံရသူတွေဖြစ်တဲ့အတွက် အမျိုးသမီးများဟာ ငြိမ်းချမ်းရေးကိုပိုလိုလားကြတယ်၊ ငြိမ်းချမ်းရေးဘယ်လောက်လိုအပ်တယ်ဆိုတာ ကောင်းကောင်းနားလည်ကြပါတယ်"

ရုံးတွင်း ရုံးပြင်သာမက ရုံးရှေ့လမ်းမပေါ်တွင်ပါ ဧည့်ပရိသတ်များနှင့်စည်ကားလှသည့် မွေးနေ့ပွဲတွင် နိုင်ငံခြားသံရုံးမှ သံအရာရှိများလည်း လာရောက်နှုတ်ဆက်ကြသည်။

"ပရိသတ်က ၁၅၀၀-၂၀၀၀ လောက် ရှိမယ်ဗျ။ ရုံးထဲမှာလည်း ကြပ်ညပ်နေပြီး လမ်းပေါ်မှာလည်း ကားတွေသွားရလာရတာ အဆင်မပြေဘူးဖြစ်နေပါတယ်" ဟု NLD လူငယ်ခေါင်းဆောင်ကို မျိုးညွန့်က မဇ္ဈိမကိုပြောသည်။

ယခုခေတ်လူငယ်များက 'အမေ' ဟု တင်စား ခေါ်ဝေါ်နေကြသည့် ဒေါ်အောင်ဆန်းစုကြည်မှာလည်း မွေးနေ့ပွဲတွင် ရွှင်လန်းတက်ကြွပြီးအလွန်ဝမ်းမြောက်နေသည်ကိုတွေ့ရကြောင်းကိုမျိုးညွန့်ကဆက်လက်ပြောဆိုသည်။

ဤနှစ်မွေးနေ့ပွဲ၏ထူးခြားချက်အနေဖြင့် ဤပွဲအား လူငယ်ကွန် ယက်မှ အားလုံးဝိုင်းဝန်း ကြိုးပမ်းအားထုတ်မှုဖြစ်ကြောင်းအမေ ဖော်ဆောင်ခဲ့တဲ့ လူငယ်ကွန်ယက်ရဲ့ထူးခြားချက်ပါ။ NLD အဖွဲ့ဝင်တွေ တင်မဟုတ်ဘဲနဲ့ တခြားမျိုးဆက်သစ် ကျောင်းသားလူငယ်တွေ ရော၊ ကိုဖြိုးမင်းသိန်းတို့၊ မခင်မိုးအေးတို့၊ ကိုတိုး ကျော်လှိုင်တို့ ၈၈ ကျောင်းသားတွေရော၊ ဂီတပညာရှင်တွေရော၊ က ဗျာဆရာတွေရော အကုန်လုံးကပါဝင်ပြီးတော့ ဒီအခမ်းအနားကြီး ပြီးမြောက်အောင်ဆောင်ရွက်ပေးတာပါခင်ဗျ" ဟု ကိုမျိုးညွန့်က ဆိုသည်။

မွေးနေ့မနက်ပိုင်းတွင်တေးဂီတပြိုင်ပွဲမှဆန်ကာတင်နောက်ဆုံး ရွေးပွဲကိုပြုလုပ်ခဲ့ပြီး စမ်းချောင်းမြို့နယ် လူငယ်များက 'အမောဖြေပါ အမေ'ဆိုသည့်သီချင်းဖြင့် ပထမဆုဆွတ်ခူးသွားခဲ့သည်။

"အမေနဲ့အခုလို အပြင်မှာမြင်တွေ့ခွင့်ရပြီး အမေ့အတွက်ပွဲလေးလုပ်ပေးလိုက်ရတာကို ကျေးဇူးအများကြီးတင်တယ်။ အရမ်းပျော်ပါတယ်။ အမေကအမြဲတမ်းပြုံးနေတာ။ ဒီနေ့တော့အများကြီးပြုံးတယ်" ဟု ဒေါ်အောင်ဆန်းစုကြည်၏မွေးနေ့ပွဲသို့ ပထမဦးဆုံးအကြိမ် ဝင်ရောက်ဆင်နွှဲဖူးသည့် စမ်းချောင်းမြို့နယ်မှ ကိုကျော်ထူးလင်းက မဇ္ဈိမကိုပြောသည်။

မွေးနေ့ပွဲသို့ သခင်သိန်းဖေနှင့် ဝါရင့်နိုင်ငံရေးသမားကြီးများ၊ ဦးအေးသာအောင်၊ ဦးပုကျင်ရှင်းထန်နှင့် လွှတ်တော်ကိုယ်စားပြု ကော်မတီဝင်များလည်း လာရောက်ခဲ့ကြပြီး ဦးတင်ဦး၊ ဦးဝင်းတင်နှင့် NLD ခေါင်းဆောင်များလည်း လာရောက်ခဲ့ကြသည်။

ပါတီရုံးချုပ်တွင်သာမက ရန်ကုန်တိုင်းအတွင်း အလုံ၊ သံလျင်၊ တွံတေး၊ မြောက်ဥက္ကလာပမြို့နယ်များအပြင် မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းတို့တွင်လည်း ကျင်းပကြကြောင်းသိရသည်။

ဒေါ်အောင်ဆန်းစုကြည်၏မွေးနေ့ မြန်မာနိုင်ငံ အမျိုးသမီးများနေ့ကို နှစ်စဉ်ကျင်းပလေ့ရှိသော်လည်း မွေးနေ့ရှင်ကိုယ်တိုင် ပါဝင်ခွင့်ရသည့်နှစ်များမှာမူ အလွန်နည်းပါးခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်မှာ ၁၉၈၈ ခုနှစ် ဧပြီလအတွင်းက မိခင်ကြီးဒေါ်ခင်ကြည်အား ပြုစုစောင့်ရှောက်ရန် မြန်မာနိုင်ငံသို့ပြန်လာပြီး ၈၈၈၈ ဒီမိုကရေစီ အရေးတော်ပုံကြီးတွင် ပါဝင်ဦးဆောင်ခဲ့ရာမှ ၁၉၈၉ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် နေအိမ်အကျယ်ချုပ်ဖြင့် စတင်ထိန်းသိမ်းခံခဲ့ရသည်။

၁၉၉၅ ခုနှစ် ဇူလိုင်လ ၁၀ ရက်နေ့တွင် ပြန်လည် လွတ်မြောက်လာသော်လည်း ၂၀၀၀ ခုနှစ် စက်တင်ဘာ ၂၃ ရက်နေ့တွင် ပြန်လည်ထိန်းသိမ်းခံခဲ့ရသည်။ ၁၉ လအကြာ ၂၀၀၂ ခုနှစ် မေ လ ၆ ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာကာ ၂၀၀၃ ခုနှစ် မေ ၃၀ ဒီပဲယင်း အကြမ်းဖက်လုပ်ကြံမှုကြီးအပြီး ပြန်လည်အထိန်း သိမ်းခံခဲ့ရကာ ၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်တွင်မှ ပြန်လည်လွတ်မြောက်လာခြင်းဖြစ်သည်။

---

"ဆက်သွယ်ရေးမှာ တိုးတက်မှုကြီး အိုင်တီတော်လှန်ရေးကြီးလဲ မြန်မာပြည်ရောက်လာတာကို တွေ့ရပါတယ်။ တခြားနိုင်ငံတွေနဲ့စာရင် ရှေ့တန်းရောက်၊ မရောက် မပြောနိုင်ပေမယ့် ဒီဆက်သွယ်ရေးတော်လှန်ရေးကြီးက အတိုင်းအတာတခု အထိ မြန်မာနိုင်ငံကို ရောက်လာခဲ့တာ သေချာပါတယ်။ ဒါကြောင့် ပဲ လူငယ်တွေဟာ ကျမတို့ လုပ်နေတာတွေကို စိတ်ဝင်စားလာကြတယ် ကျမတို့လုပ်နေတာတွေကို အမီလိုက်လာနိုင်ကြတယ်"

**ဒေါ်အောင်ဆန်းစုကြည်**

**မျက်နှာဖုံးမှ**

အမေရိကန်အစိုးရအနေနဲ့ ထိတွေ့ဆက်ဆံရေး မူဝါဒတွေကိုပါကျင့်သုံးလာနေချိန်ဖြစ်တာမို့ အခြေအနေတွေကို ထဲထဲဝင်ဝင် သိဖို့လိုအပ်တာမို့ အခုလို ကျင်းပရတာလို့လည်း ကြားနာပွဲ သဘာပတိဖြစ်တဲ့ရီပတ်ဘလစ်ကန်ပါတီအီလီနွိုက်စ်ပြည်နယ် အောက်လွှတ်တော်အမတ် ဒိုနယ်လ်ဒ် မန်ဇူလို (Donald Manzullo) က ပြောပါ တယ်။

"မြန်မာနိုင်ငံက လျှို့ဝှက်ချက် မျက်နှာဖုံးရဲ့ နောက်ကွယ်မှာ အပြောင်းအလဲတွေရှိတယ်ဆိုရင်လည်း ဘာတွေလဲဆိုတာကို ပြည့်ပြည့်ဝဝသိနိုင်အောင် လေ့လာစူးစမ်းဖို့ ဒီကနေ့ ကြားနာပွဲကို ကျင်းပတာပါ။ ရွေးကောက်ပွဲ ကျင်းပချိန်ကစပြီး ဒီရွေးကောက်ပွဲဟာ ဘယ်လောက်ပဲမသမာမှုတွေရှိရှိ တိုင်းပြည်တွင်းက နိုင်ငံရေး အခြေအနေတွေအတွက် အရေးပါတဲ့ အပြောင်းအလဲတခုဖြစ်တယ်လို့ မြန်မာ့အရေး ကျွမ်းကျင်သူတွေကြား အချေအတင်ဖြစ်စရာ ကွဲလွဲတဲ့အမြင်တွေ ရှိကြတာကိုလည်း ကျနော်တို့ မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့ရပါတယ်။

"ဒီအငြင်းအခုန်တွေနဲ့အတူ ထူးထူးခြားခြား ဘာမှ ချက်ချင်းဖြစ်မလာဘူး ဆိုရင်တောင်မှ အနာဂတ်အတွက် အပြောင်းအလဲတွေကို ဦးတည်ကောင်း ဦးတည်စေမလား ဆိုတာ ငြင်းခုန်ကြတာတွေလည်း ရှိပါတယ်။"

ကြားနာပွဲအတွင်း ထွက်ဆိုသွားသူတွေကတော့ မြန်မာနိုင်ငံမှာ နိုင်ငံရေးပြဿနာတွေ မပြေလည်နိုင်သေးဘဲ ဖြစ်နေရတာ၊ နိုင်ငံရေး အကျဉ်းသား ၂,၀၀၀ ကျော် ဖမ်းဆီးထိန်းသိမ်း ခံနေရတာလို လူ့အခွင့်အရေး အခြေအနေတွေ နိမ့်ကျနေတာတွေကို ထောက်ပြပြီး အစိုးရသစ်တက်လာပေမဲ့ ထူးခြားတဲ့ အပြောင်းအလဲတွေ မရှိသေးဘူးလို့ ပြောဆိုခဲ့ကြတာပါ။

အမေရိကန်အစိုးရ အနေနဲ့လည်း နိုင်ငံရေး အပြောင်းအလဲတွေ ဖြစ်ပေါ်လာဖို့ လိုအပ်သလောက် ဖိအားပေးမှုတွေ မရှိဘူးလို့လည်း ကြားနာပွဲမှာ ထွက်ဆိုခဲ့သူတဦးဖြစ်တဲ့ ဝါရှင်တန်အခြေစိုက် မြန်မာ့အရေး လှုပ်ရှားမှုအဖွဲ့ US Campaign for Burma ရဲ့ အမှုဆောင်အရာရှိ ဦးအောင်ဒင်က ပြောပါတယ်။

"အခုဟာက Engagement ဆိုတာ တိုက်ရိုက်ဆက်ဆံရေး မူဝါဒအောက်မှာ အမေရိကန်အစိုးရအနေနဲ့ မြန်မာစစ်အစိုးရအပေါ်မှာ လိုက်လျောမှုတွေက ပိုများတာတွေ့တယ်။ တဘက်မှာကျတော့ရှိထားတဲ့ စီးပွားရေးပိတ်ဆို့မှုကိုလည်း ပိုပြီးတော့ စနစ်တကျပြင်းအားကောင်းအောင်မလုပ်ဘဲနဲ့ နောက်တခါ ထပ်မံတိုးချဲ့ဖို့ကျတော့လည်း ငြင်းဆန်နေတဲ့ အတိုင်းအတာမှာရှိတယ်။

"ထပ်မံတိုးချဲ့ဖို့ဆိုတာ အထူးသဖြင့် ကျနော်တို့ တောင်းဆိုထားတဲ့ ကုလသမဂ္ဂစုံစမ်းရေးကော်မရှင်ဖွဲ့စည်းရေးကိစ္စမှာ အမေရိကန်အစိုးရအနေနဲ့ တက်တက်ကြွကြွလှုပ်ရှားတာကို မတွေ့ရဘူး။အဲဒီလိုပဲ လက်ရှိချမှတ်ထားတဲ့ Targeted Sanction ခေါ်တဲ့ မြန်မာစစ်အုပ်စု နဲ့ သူတို့ရဲ့အပေါင်းအပါ စီးပွားရေးသမားတွေကို ပိတ်ဆို့ဟန့်တား တဲ့ စီးပွားရေးပိတ်ဆို့မှုကိုလည်း တကယ်ကျတော့ ထိထိ ရောက်ရောက် လုပ်တာမတွေ့ရဘူး။ ဒါကြောင့် ကျနော်တို့က သိပ်မကျေနပ်ဘူးပေါ့။

"တဘက်မှာ Engage လုပ်တာတော့ အပြစ်မတင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ Engage လုပ်တဲ့အချိန်ထဲမှာ ဒီဘက်မှာ နအဖစစ်အုပ်စုကကျတော့ လူတွေကို ဆက်ပြီးဖမ်းနေတယ်၊ လူတွေကို ဆက်ပြီးသတ်နေတယ်၊ လူတွေကို ဆက်ပြီး နှိပ်စက်ညှဉ်းပန်းနေတယ်။ အဲဒီကာလမှာ လက်ရှိအထိရှိထားတဲ့ စီးပွားရေးပိတ်ဆို့မှုတွေကိုပိုပြီးခိုင် မာအားကောင်းအောင်လုပ်ဖို့ အမေရိကန်အစိုးရမှာ တာဝန်ရှိပါတယ်။"

ကြားနာပွဲ သဘာပတိဖြစ်သူ အောက်လွှတ်တော်အမတ် ဒိုနယ်လ်ဒ်မန်ဇူလိုကတော့ အခုနောက်ဆုံး မြန်မာနိုင်ငံ မြောက်ပိုင်းက ကချင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ ၁၇ နှစ်ကြာ အပစ်အခတ်ရပ်စဲရေးရယူထားတာတွေ ပျက်ပြားပြီး တိုက်ပွဲတွေတကျော့ပြန် ဖြစ်ပွားနေတာတွေဟာ တိုင်းပြည်မှာ အပြောင်းအလဲတွေ မရှိသေးဘူးဆိုတာကို ညွှန်ပြနေတယ်လို့လည်း ပြောဆိုခဲ့တာပါ။ မြန်မာအစိုးရအနေနဲ့ သမ္မတအိုဘားမားအစိုးရရဲ့ ချဉ်းကပ်မှု အသစ်တွေကို အခွင့်အလမ်းကောင်းတခုအဖြစ် လက်မလွှတ်ဖို့နဲ့ အမေရိကန် ပြည်ထောင်စုနဲ့ ဆက်ဆံရေးတွေ တိုးတက်စေဖို့ သိသာမြင်သာတဲ့ အပြောင်းအလဲတွေ လုပ်ဖို့ လိုမယ်လို့လည်း ပြောဆိုခဲ့တာဖြစ်ပါတယ်။

---

# နယ်စပ်အရေး ဝ အဖွဲ့စိုးရိမ်မကင်းဖြစ်

**RFA ၊ ၂၅ဇွန်** ။ ။နယ်စပ်မှာဖြစ်ပွားနေတဲ့စစ်ပွဲများနဲ့ပတ်သက်ပြီး UWSA ဝပြည် သွေးစည်းညီညွတ်ရေးအဖွဲ့အနေနဲ့ စိုးရိမ်မကင်းဖြစ်ရကြောင်း ဇွန်လ ၁၆ ရက်နေ့ နေ့စွဲနဲ့ ကြေညာချက်ထုတ်ပြန်လိုက်ပါတယ်။

ဒီကြေညာချက်ကို တရုတ်ဘာသာနဲ့ထုတ်တဲ့ အင်တာနက်စာမျက်နှာမှာ တင်ပြထားတယ်လို့ UWSA အဖွဲ့ကပြောခွင့်ရ ဦးအောင်မြင့်ကပြောပါတယ်။ ဒီကြေညာချက်မှာ လတ်တလောတရုတ် မြန်မာနယ်စပ်မှာဖြစ်ပွားနေတဲ့ အစိုးရတပ်များနဲ့ KIO အဖွဲ့တို့ရဲ့အခြေအနေကို ရည်ညွှန်းထားသလို SSA, DKBA, KNU စတဲ့ တိုင်းရင်းသားတွေနဲ့ ထိတ်တိုက် ရင်ဆိုင်မှုများကိုလည်း ဖော်ပြထားပါတယ်။

ဒါ့အပြင် အစိုးရသစ် သမတဦးသိန်းစိန်ရဲ့ တိုင်းရင်းသား များနဲ့ ပတ်သက်ပြီး ပြောဆိုထားတဲ့ စကားကို ဖော်ညွှန်းပြီး ဒီပြောဆိုချက်နဲ့ အညီဆောင်ရွက်ပေးဖို့ တိုက်တွန်းထားပါတယ်။

UWSA ကြေညာချက်ပါ နောက်ဆုံးအချက်ကို UWSA မြောက်ပိုင်းက အရာရှိတဦးက အခုလို မြန်မာဘာသာပြန်ပြီး ဖတ်ပြပါတယ်။ "နှစ်ဦး နှစ်ဖက်စလုံးသဘောထားကြီးစွာဖြင့် အခြေအနေကို ထိမ်းထားနိုင်ဖို့လိုအပ်ပါသည်။ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး ရေရှည်တည်တန့် ခိုင်မြဲရေးအတွက် အလေးထား၍အတူတကွ ငြိမ်းချမ်း တန်းတူစွာဖြင့် ဖြစ်ပျက်တဲ့ ဒီအငြင်းပွါးမှုကို ဆွေးနွေးဖြေရှင်းသွားကြပါရန် ဖြစ်ပါသည်။ နှစ်ဦး နှစ်ဖက်မှ စေတနာအမှန်အကန်ဖြင့် တူတာကိုရှာကြ၊ မတူတာကို ခေတ္တချန်ထားတယ် ဆိုတဲ့မှုကို ကိုင်စွဲသွားမယ် ဆိုပါက ယင်းပြဿနာများကို ဖြေရှင်းနိုင်မဲ့ နည်းလမ်းကောင်းများကိုရှာဖွေတွေ့ရှိနိုင်မည်လို့ လေးနက်စွာယုံကြည်ပါကြောင်း အထူး ထုတ်ပြန်အပ်ပါသည်။"

UWSA အနေနဲ့ လတ်တလောအခြေအနေမှာ ဆက်ဆံရေးလုံးဝပြတ်တောက်နေပြီး ပြီးခဲ့တဲ့လအတွင်းက ငြိမ်းချမ်းရေးကို လိုလားတဲ့အကြောင်း ကြေညာချက်ကိုထုတ်ပြန်ပြီး အစိုးရကို နိုင်ငံရေးအရစကားပြောဖို့ ကမ်းလှမ်းထားပေမဲ့ အစိုးရထံက ဘာပြန်ကြားချက်မှ မရရှိဘူးလို့ သိရပါတယ်။

# အမေရိကန်ကွန်ဂရက်သို့ ဒေါ်အောင်ဆန်းစုကြည် ဗွီဒီယိုမိန့်ခွန်းပေးပို့

**Mizzima ၊ ဂျွန် ၂၁ ။** ။ ဗုဒ္ဓဟူးနေ့တွင် ကျင်းပမည့် အမေရိကန်ကွန်ဂရက် အာရှနှင့် ပစိဖိတ်ရေးရာ ဆပ်ကော်မတီ၏ မြန်မာ့အရေး ကြားနာပွဲသို့ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းဗွီဒီယိုကို ပေးပို့မည်ဖြစ်သည်။ အမေရိကန်ကွန်ဂရက်သို့ ပေးပို့မည့် ဒေါ်စု၏ ပထမဆုံးမိန့်ခွန်းဖြစ်ပြီး မြန်မာနိုင်ငံအတွင်း၌ လူ့အခွင့်အရေးချိုးဖောက်နေမှုများနှင့်ပတ်သတ်၍ မှတ်ချက်ပေးမည်ဖြစ်သည်။

ကြိုတင်ရိုက်ကူးထားသည့် ဗွီဒီယိုထဲတွင် ငြိမ်းချမ်းရေး နိုဗယ်ဆုရှင်က ၂၀၁၀ နိုဝင်ဘာရွေးကောက်ပွဲတွင်အာဏာရလာသည့်မြန်မာနိုင်ငံ လက်ရှိသမ္မတ ဦးသိန်းစိန်၏ လက်ထက်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို တင်ပြမည်ဖြစ်သည်။ ထိုဗွီဒီယိုခွေကို ဗုဒ္ဓဟူးနေ့ ဝါရှင်တန်တွင် ကျင်းပမည့် ကြားနာပွဲ၌ပြသမည်ဖြစ်ပြီး "လှို့ဝှက်ကန့်လန့်ကာနောက်ကွယ်သို့ ထိုးထွင်းကြည့်ရှုခြင်း" (ဟန်ဆောင် ရွေးကောက်ပွဲ နောက်ကွယ်မှ အမှန်တရားများနှင့် ခက်ခဲသည့် ရှေ့လမ်းခရီး) ဟု ခေါင်းစဉ် ပေးထားသည်။

ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းဗွီဒီယိုကို အမေရိကန် ကွန်ဂရက် အာရှနှင့် ပစိဖိတ်ရေးရာ ဆပ်ကော်မတီသို့ ပေးပို့မည်၊ မြန်မာအစိုးရ အဖွဲ့သစ်အနေဖြင့် နိုင်ငံတကာအထင်အမြင်တွင် ရွေးကောက်ခံ အစိုးရအဖြစ် ယင်းတို့ကို ရှုမြင်လာစေရန် ကြိုးပမ်းနေသော်လည်း ယခင်စစ်အစိုးရက နောက်ကွယ်မှ ကြိုးကိုင်နေသည်ဟု ယူဆမှုများရှိနေကာ ဝေဖန်မှုများကိုလည်း ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။

ကြေညာချက်ထဲတွင် ကွန်ဂရက် လွှတ်တော်အမတ် Don Manzullo က မြန်မာ့အရေး ကြားနာပွဲတွင် " ဟန်ဆောင် ရွေးကောက်ပွဲနှင့်ခက်ခဲသည့် မြန်မာ့ရှေ့ခရီးလမ်း"နှင့် ပတ်သတ်သည့် အချက်အလက်များကို ဦးစားပေး ဆွေးနွေးကြလိမ့်မည်ဟုရေးသားထားသည်။

ဆပ်ကော်မတီခေါင်းဆောင် Illinois ပြည်နယ်မှ ရီပတ်ဘလစ်ကန်လွှတ်တော်အမတ် Manzullo က မြန်မာနိုင်ငံတွင်းရှိ တိုင်းရင်းသားအင်အားစုများအပေါ် အစိုးရ၏ ဆက်လက်ထိုးစစ်ဆင်တိုက်ခိုက်နေမှုများ၊ မြန်မာနိုင်ငံအတွင်း၌ လူ့အခွင့်အရေးချိုးဖောက်နေမှုများနှင့် ပတ်သတ်၍ ကြားနာဆွေးနွေးမည် ဖြစ်သည့်အတွက် စိတ်လှုပ်ရှားမိသည်ဟု ဆိုသည်။

အန်ဂျီအို အဖွဲ့အစည်းဖြစ်သည့် US Campaign for Burma က ပြောကြားရာတွင် "ကြားနာ ဆွေးနွေးပွဲကို အလျင်အမြန်လုပ်ဆောင်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာအစိုးရဟာ နိုင်ငံမြောက်ပိုင်း ရှမ်းပြည်နယ်နဲ့ ကချင်ပြည်နယ်တွေက တိုင်းရင်းသားလက်နက်ကိုင်အင်အားစုတွေကို ထိုးစစ်ဆင် တိုက်ခိုက်နေတဲ့အတွက် ဒုက္ခသည်နှစ်သောင်းလောက်ဟာ တရုတ်-မြန်မာနယ်စပ်တ လျှောက်မှာတိမ်းရှောင်ပုန်းအောင်းနေရပြီး တချို့လည်း တရုတ်နိုင်ငံထဲကိုထွက်ပြေးသွားရတာမျိုးတွေ ရှိပါတယ်" ဟုဆိုသည်။ ကြားနာပွဲ၌ဒေါ်အောင်ဆန်းစုကြည် ဗွီဒီယိုအပြင် US Campaign forBurma ၏ တွဲဖက် တည်ထောင်သူနှင့်အလုပ်အမှုဆောင်ဒါရိုက်တာဖြစ်သည့် နိုင်ငံရေးအကျဉ်းသားဟောင်းဦးအောင်ဒင် JohnsHopkins စင်တာ၏ပြည်သူ့ကျန်းမာရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဒါရိုက်တာနှင့် မြန်မာနိုင်ငံအတွင်း လူထုကျန်းမာရေးနှင့် လူ့အခွင့်အရေးအခြေအနေ ဆိုင်ရာ ကိစ္စရပ်များကို စာအုပ်တွဲဖက်ရေးသားပြုစုခဲ့သူ ဒေါက်တာ Chris Beyrer တို့ကလည်း တက်ရောက်ဆွေးနွေးမည်ဟု အန်ဂျီအို အဖွဲ့၏ကြေညာချက်ထဲတွင် ဖော်ပြထားသည်။

အသက် ၆၆နှစ် အရွယ်ရှိပြီ ဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည် အနေဖြင့် ၂၀၁၀ခုနှစ် နိုဝင်ဘာလတွင် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီးနောက် နိုင်ငံတကာရှိဆွေးနွေးပွဲများသို့ သူ၏အမြင်များကို ပြောဆို ဆွေးနွေးထားသည့် သတင်းစကားများ ပေးပို့လေ့ရှိပြီး အဆိုပါ သတင်းစကားအများစုမှာ ရန်ကုန်မြို့တွင် ရိုက်ကူးထားသည့် ဗွီဒီယို မိန့်ခွန်းများ ဖြစ်ကြသည်။

ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ကွန်ဂရက်မှ ချီးမြှင့်သည့် ဂုဏ်ပြု ရွှေတံဆိပ်ဆု Congressional Gold Medal ကို ၂၀၀၈ ခုနှစ်တွင်ရရှိခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ကွန်ဂရက်လွှတ်တော်၏ ထောက်ခံမှုကိုများစွာ ရရှိထားသူဖြစ်သည်။

# ခိုင်မာတဲ့ အာမခံချက် KIO တောင်းခံ

**RFA ၊ ဂျွန် ၂၁ ။** ။ အပစ်အခတ် ရပ်စဲရေးအတွက် အစိုးရက ပေးတဲ့ ခိုင်မာတဲ့ အာမခံချက်ကို လိုချင်တယ်လို့ KIO ကချင် လွတ်မြောက်ရေးအဖွဲ့က ပြောကြားလိုက်ပါတယ်။

လက်ရှိ ကချင်ပြည်နယ်မှာဖြစ်ပွားနေတဲ့ တိုက်ပွဲတွေနဲ့ ပတ်သက်ပြီး အစိုးရဘက်က ငြိမ်းချမ်းရေး ဆွေးနွေးဖို့ ကမ်းလှမ်းချက်အမျိုးမျိုးရရှိခဲ့ပေမဲ့ KIO က ငြိမ်းချမ်းရေး အရှည်တည်တံ့ရေးအတွက် ခိုင်မာတဲ့ အထောက်အထားတွေ မြင်တွေ့ရပါမှ စကားပြောဆို ဆွေးနွေးမှာဖြစ်တယ်လို့ KIA တပ်ရဲ့ ဒုတိယကာကွယ်ရေးဦးစီး ဗိုလ်မှူးချုပ်ဂွမ်မော်က ပြောပါတယ်။

ဇွန်လ ၉ရက်နေ့က စတင်ပြီး တိုက်ပွဲ ဖြစ်ပွားနေစဉ်မှာ အပစ်အခတ်ရပ်စဲရေးအတွက် ဆက်သွယ်ရေးဝန်ကြီးဟောင်း မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်က KIO နဲ့ အဆက်အသွယ် အကြိမ်ကြိမ်လုပ်ခဲ့ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး KIO အဖွဲ့ရဲ့ပြန်ကြားချက်ကို ဗိုလ်မှူးချုပ်ဂွမ်မော်က အခုလို ပြောပြပါတယ်။

"စာအရဆိုရင် ဦးသိန်းဇော်ဟာ အစိုးရကိုယ်စား ပြောနေတာမဟုတ်ဘဲနဲ့ မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တဦးအနေနဲ့ အကြောင်းကြားတာ ဖြစ်နေတယ်။ ဒါကြောင့်မို့လို့ ခိုင်မာတဲ့သက်သေ အထက်ကနေ ရရှိဖို့ လိုတယ်။ ဒါကြောင့် တပ်ပိုင်းဆိုင်ရာ တာဝန်ရှိတဲ့ သူတွေကနေပြီးတော့ တိုက်ပွဲတွေရပ်ဆိုင်းဖို့ ညွှန်ကြားထားပြီးဖြစ်တယ်ဆိုတဲ့ ခိုင်လုံတဲ့ အထောက်အထား ပို့ပေးပါလို့ကျနော်တို့ အဲလို အကြောင်းကြားထားတာဖြစ်တယ်။"

ခုလို KIO အနေနဲ့တောင်းဆိုရတာဟာ ဇွန်လ ၉ရက်နေ့နောက်ပိုင်း အပစ်ရပ်စဲရေးအတွက် ဦးသိန်းဇော်က အာမခံပေမဲ့ အစိုးရတပ်တွေက ထိုးစစ်များ မရပ်စဲခဲ့ဘူးလို့ ဆိုပါတယ်။

ဒီ့အပြင် လက်ရှိဦးသိန်းဇော်က KIOကိုအဆက်အသွယ်လုပ်နေချိန်မှာလည်း တိုက်ပွဲတချို့ ဆက်ပြီးဖြစ်ပွားနေသလို အစိုးရတပ်တွေ KIO နယ်မြေတွေမှာ တိုးချဲ့နေတာတွေလည်း လက်တွေ့မြင်နေရတယ်လို့ KIO က ပြောပါတယ်။

# အီးယူ ကိုယ်စားလှယ်အဖွဲ့ ဒေါ်အောင်ဆန်းစုကြည်နှင့် ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**VOA ၊ ဂျွန် ၂၁ ။** ။ EU ဥရောပသမဂ္ဂရဲ့ဥက္ကဋ္ဌလည်းဖြစ်ပြီးနိုင်ငံခြားရေးရာနဲ့လုံခြုံရေးရာ အကြီးအကဲရဲ့အကြံပေးပုဂ္ဂိုလ်လည်းဖြစ်တဲ့ Mr.Robert Cooper နဲ့အတူ မြန်မာနိုင်ငံဆိုင်ရာ EU သံအမတ်ကြီး Mr.David Lipman နဲ့ EU ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Piero Fassino တို့ ပါဝင်တဲ့ EU ကိုယ် စားလှယ် ၁၁ ဦးပါအဖွဲ့နဲ့ ဒီနေ့တွေ့ဆုံဆွေးနွေးရတာဟာအနှစ်သာရရှိတဲ့ ဆွေးနွေးပွဲဖြစ်တယ်လို့ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်ပါတယ်။ EU ကိုယ်စားလှယ်အဖွဲ့ဟာ ဒီနေ့ ဇွန်လ ၂၁ ရက်နေ့ ညနေမှာ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေ၊ CRPP ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီအဖွဲ့ဝင်တွေနဲ့ပါတွေ့ဆုံခဲ့တာဖြစ်ပါတယ်။ အပြည့်အစုံကို ဒေါ်ခင်မျိုးသက်က တင်ပြပေးထားပါ တယ်။

EU ဥရောပသမဂ္ဂရဲ့ ဒု-ဥက္ကဋ္ဌ မစ္စတာရောဘတ်ကူးပါးနဲ့ EU ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာပီယာရိုဖက်ဆီနိ ဦးဆောင်တဲ့အဖွဲ့ဝင် ၁၁ ဦးပါတဲ့ EU ကိုယ်စားလှယ်အဖွဲ့ဟာ ဒီနေ့ အင်္ဂါ ညနေဖနာရီကစပြီးတနာရီကြာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ သူမရဲ့နေအိမ်မှာ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ ဒီတွေ့ဆုံတဲ့ဆွေးနွေးပွဲကို အနှစ်သာရရှိတဲ့ ဆွေးနွေးပွဲအဖြစ် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က သတ်မှတ်တယ်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပြောခွင့်ရဦးအုန်းကြိုင်ကပြောပါတယ်။

"အထွေထွေအတွင်းရေးမှူးပြောတာကတော့ သူ EU နဲ့ တွေ့တဲ့အခါမှာဆွေးနွေးပွဲနဲ့ပတ်သက်လို့မှတ်ချက်ပေးရရင်တော့သူကရင်းနှီးပွင့်လင်းမှုရှိတယ်၊ မိတ်ဆွေရင်းချာတွေက ဒီလိုပဲ ရင်းနှီး ပွင့်လင်းစွာဆွေးနွေးကြတယ်၊ ရိုးရိုးသားသားဆွေးနွေးကြတယ်၊ အမှန်အတိုင်းပဲ သူ့ရင်ထဲမှာ ရှိတာတွေ ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့တယ်။ ဒါကြောင့် ဒီဆွေးနွေးပွဲက အနှစ်သာရရှိတဲ့ ဆွေးနွေးပွဲတခုပါလို့ အဲဒီလိုပြောပါတယ်။

"EU နဲ့ ကျနော်တို့ NLD နဲ့ ဆက်ဆံရေးက မူလကတည်းက ကောင်းခဲ့တယ်။ ထပ်ပြီးတော့ ပိုပြီးတော့ နားလည်တာပေါ့ဗျာ။ ပူးပေါင်းဆောင်ရွက်မှုကို ဆက်ပြီးတော့ ကြိုးပမ်းသွားကြရမယ်လို့ပြောပါတယ်။"

EU ကိုယ်စားလှယ်တွေဟာ ဒေါ်အောင်ဆန်းစုကြည်၊ ဦးဟံသာမြင့်တို့နဲ့ သီးခြားတွေ့ဆုံ ဆွေးနွေးပြီးတဲ့နောက် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ CRPP ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီအဖွဲ့ဝင်တွေနဲ့ တွေ့ဆုံခဲ့ပါတယ်။

"ကျနော်တို့ ဗဟိုအလုပ်အမှုဆောင် အဖွဲ့မှာ ဒုတိယဥက္ကဋ္ဌကြီး ဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဦးသန်းထွန်း၊ ဦးလှဖေ၊ ဦးဉာဏ်ဝင်း၊ ကျနော်၊ နောက် ဦးဝင်းမြင့်၊ ဒေါ်မေဝင်းမြင့်၊ စတဲ့သူတွေပါပါတယ်။နောက်CRPPခေါင်းဆောင်တွေကတော့ဦးအေးသာအောင်၊ ဦးပုကျော့ရှင်းထန်၊ ဦးစိုးဝင်းတို့ တက်ရောက်ပါတယ်။"

EU ကိုယ်စားလှယ်နဲ့တွေ့ဆုံပွဲမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦးက တိုင်းရင်းသားတွေနဲ့ ဖြစ်ပွားနေတဲ့ပဋိပက္ခတွေ ဖြေရှင်းနိုင်ဖို့အပြင် နိုင်ငံရေးအကျဉ်းသားတွေ လွှတ်မြောက်ရေးအတွက် ဝိုင်းဝန်းဖိအားပေးဖို့ အဓိကတိုက်တွန်းပြောဆိုခဲ့တယ်လို့ဆိုပါတယ်။

"ဒုတိယဥက္ကဋ္ဌဦးတင်ဦးက အဖွဲ့ချုပ် တရားဝင်နိုင်ငံရေးပါတီအဖြစ်ဆက်လက်ပြီးအခိုင်အမာရပ်တည်ပြီးဒီမိုကရေစီရရှိရေးအတွက် ဆက်လက်ကြိုးပမ်းနေပုံတွေကို ရှင်းပြပါတယ်။ နောက်နိုင်ငံရေး အကျဉ်းသားတွေ လွှတ်တဲ့ကိစ္စနဲ့ပတ်သက်လို့၊ ကျယ်ကျယ်ပြန့်ပြန့် နိုင်ငံရေးအကျဉ်းသားတွေလွှတ်မြောက်ဖို့ဝိုင်းဝန်းပြီးတိုက်တွန်းသင့်တယ်ဆိုတဲ့အကြောင်း၊ အခုလောက် လွှတ်မြောက်တာဟာအမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အထောက်အကူမဖြစ်စေနိုင်ဘူးပေါ့။အဲဒါဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အကျဉ်းသားအားလုံး ချွင်းချက်မရှိ လွှတ်မြောက်ဖို့က အခြေခံအကျဆုံးအချက်ဖြစ်တယ်ဆိုတဲ့ အကြောင်း ထပ်ပြီး ရှင်းလင်းပါတယ်။

"တဆက်တည်းမှာပဲ တိုင်းရင်းသား ဒေသတွေမှာ အခုဖြစ်နေတဲ့ လက်နက်ကိုင် ပဋိပက္ခတွေဟာ ဒေသခံပြည်သူတွေရော၊ ဒုက္ခသည်တွေ အခက်အခဲမျိုးစုံတွေ့တာဖြစ်တဲ့အတွက်ကြောင့် ဒီစစ်မီးတောက်တွေကိုလည်း အမြန်ဆုံးတွေ့ဆုံဆွေးနွေးပြီးတော့ ငြိမ်းချမ်းစွာ ဖြေရှင်းသင့်တယ်လို့ ကျနော်တို့က သဘောထားကြေညာထားပြီးဖြစ်တဲ့ အတိုင်း အဲဒီအတိုင်းပဲ ဆက်လက်ပြီးတော့ကြိုးပမ်းဖို့ နိုင်ငံတကာကလည်း တိုက်တွန်းသင့်တယ်ဆိုတဲ့အကြောင်း အဲဒါတွေရှင်းပြပါတယ်။

"လက်ရှိ အစိုးရသစ် အနေနဲ့ကတော့ သူတို့လည်း ကောင်းဖို့လုပ်နေပါတယ်လို့တော့ ပြောဆိုနေတာပဲ။ သို့သော်လည်း လက်တွေ့အလုပ်နဲ့ချိန်ပြီးတော့ လေ့လာသင့်တဲ့အကြောင်း ဒုတိယ ဥက္ကဋ္ဌကြီးက တင်ပြပါတယ်။"

EUဥရောပသမဂ္ဂရဲ့ဒု-ဥက္ကဋ္ဌမစ္စတာရောဘတ်ကူးပါးဦးဆောင်တဲ့ အဖွဲ့ဟာ တနင်္လာနေ့ကတော့ နေပြည်တော်မှာ ဒု-သမ္မတ သီဟသူရ တင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင် အပြင် ပြည်ထဲရေးနဲ့ အလုပ်သမားဝန်ကြီးဌာနတွေက ဒု-ဝန်ကြီးတွေနဲ့ပါတွေ့ဆုံပြီး မြန်မာနဲ့ EU အကြား ဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်တွေ ဆွေးနွေးခဲ့တယ်လို့ အစိုးရ သတင်းတွေမှာဖော်ပြထားပါတယ်။

မြန်မာနိုင်ငံကနိုဝင်ဘာလရွေးကောက်ပွဲအပြီးအစိုးရသစ်တက်လာတဲ့ နောက်ပိုင်းမှာ မကြာခင်က လာရောက်ခဲ့တဲ့ အမေရိကန် နိုင်ငံရေးမှာ ဩဇာကြီးမားတဲ့ အထက်လွှတ်တော်အမတ်John McCain၊ အမေရိကန် အရှေ့အာရှနဲ့ပစိဖိတ်ရေးရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီး Joseph Yun နဲ့ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Vijay Nambiar တို့နောက်မှာ အခု အနောက်နိုင်ငံက အဆင့်မြင့် ပုဂ္ဂိုလ်တွေထဲမှာ EU ဥရောပသမဂ္ဂက ဒု-ဥက္ကဋ္ဌ မစ္စတာ ကူးပါးကနောက်ဆုံးလာရောက်ခဲ့တာ ဖြစ်ပါတယ်။

**စာမျက်နှာ ၇ သို့**

# ဗိုလ်ကြီးက ၉ တန်းကျောင်းသူကို ဓားနဲ့ထိုးသတ်ပြီး မိမိကိုယ်ကိုလည်းသတ်သေ

**Mizzima ၊ ၂၅ ဇွန် ၂၃ ။** ။ ဗိုလ်ကြီးတဦးက ၉ တန်းကျောင်းသူတဦးကို ဓားနဲ့ထိုးကာ မိမိကိုယ်ကို အဆုံးစီရင်ခဲ့သည့် ဖြစ်ရပ်တခု ပဲခူးမြို့နယ် ဉသာမြို့သစ်ရပ်ကွက်မှာ ဗုဒ္ဓဟူးနေ့က ဖြစ်ပွားခဲ့တယ်။

ခြေမြန်တပ်ရင်း ၇ မှ တပ်ရေးဗိုလ်ကြီး ကျော်သူရက စစ်မြေပြင်အင်ဂျင်နီယာတပ်မှအရာခံဗိုလ်စိုးမြင့်ရဲ့သမီးမသက်နှင်းဆွေကိုအသင့်ပါလာသော စစ်သုံးဓားဖြင့် ထိုးသည်လို့ စွပ်စွဲထားပါတယ်။အခင်း ဖြစ်ပွားချိန်က နေအိမ်တွင်းရှိနေခဲ့သူ အရာခံဗိုလ်စိုးမြင့်၏ဇနီးဒေါ်စမ်းစမ်းထွေးက အော်ဟစ်အကူညီတောင်းသဖြင့် အိမ်နီးနားချင်းများရောက်လာခဲ့ကြပါတယ်။ ဉသာမြို့သစ်နေ ကိုနေဝင်းက မဇ္ဈိမကို အခုလိုပြောပြပါတယ်။

"အော်ခေါ်တော့ ရပ်ကွက်က လူတွေက ထွက်လာပြီးတော့ အဲဒီမှာ ဝိုင်းအုံလာတော့ အဲဒီမှာ ခြံကတော့ သံပန်းသံတခါးတွေနဲ့ အုတ်တံတိုင်းကာထားပါတယ်၊ လူတွေကတော်တော်နဲ့ ဝင်လို့မရဘူး။ အဲဒီမှာ ယောက်ျားတွေက အားနဲ့ကန်ပြုဖွင့်တဲ့ အခါကျတော့ ပွင့်သွားတာ အဲဒီကျတော့မှ လူအုပ်က ဆွဲလား ရမ်းလားလုပ်တဲ့အခါကျတော့ ဗိုလ်ကြီးက ဒူးထောက်ပြီးတော့ သူ့ရင်ဘတ် ဘယ်ဘက်ကိုသူဓါးနဲ့ထိုးပြီး နေရာမှာပဲ ပွဲချင်းပြီး သေသွားတယ်"။

ငွေချေးရန်ရောက်လာသော ဗိုလ်ကြီးကျော်သူရမှာ အစောပိုင်းက နေအိမ်တွင် အရာခံဗိုလ်စိုးမြင့်ကို တယ်လီဖုန်းမှ တဆင့်စကားပြောခဲ့တယ်လို့ ဇနီးဒေါ်စမ်းစမ်းမြင့်က ဗီဒီယို အင်တာဗျူးတခုတွင် ပြောဆိုပါတယ်။ ပဲခူးမြို့နေ အလုပ်သမားရေးရာ ကူညီစောင့်ရှောက်ပေးနေသူ ဦးအေးမြင့်က ဒေါ်စမ်းစမ်းမြင့်နှင့် မျက်မြင်သက်သေ တဦးကို ဗီဒီယို အင်တာဗျူး ပြုလုပ်ပြီး အင်တာနက်မှာ ဖြန့်ဝေခဲ့ပါတယ်။ အဲဒီ ဗွီဒီယိုမှာ ဒေါ်စန်းစန်းမြင့်က ပြောပါတယ်။

" သမီးက အိမ်ရှေ့မှာ အခွေတွေ ထိုင်ရှင်းနေတယ်၊ အဲဒီလူကြီးက ဆိုဖါပေါ်မှာထိုင်နေတာ၊ ကျမက အိမ်နောက်ဖေးမှာ လက်နီးလာလျှော်တယ် တအောင့်နေတော့ သမီးကျူရှင် ၁၂ နာရီကို သွားရမှာ ရေချိုးတော့လို့ ပြောလည်းပြောပြီး ပြန်ထွက်လာတော့ ကလေးကို သူ အဲဒီမှာ ဓါးနဲ့စပြီးတော့ ထိုးတာပဲ"။

" ကလေးက ထွက်ပြေးသွားတဲ့ အခါကျတော့ သူက ကလေးကို အသေထိုးတော့တာ ကလေးက အိမ်ရှေ့မှာ အခွေ ထိုင်လုပ်နေတော့ ကလေးကို ဓါးနဲ့ထိုးတော့ ကလေးက အိမ်နောက်ဖေးကို ပြေးထွက်လာတယ်။ ကျမက ဒီမှာ လက်နီးလျှော်ရင်းတန်းလန်းနဲ့ သူက ကလေးကို ထိုးတော့ ကျမက သူ့ကိုဆွဲလိုက်တာပေါ့။ မအေက ဖင်ထိုင်လျက်ကျသွားတဲ့အခါကျတော့ မအေကိုဆွဲရမလားဆိုပြီးတော့ သူကဓါးနဲ့လှမ်းထိုးတာ အဲဒီမှာ ကလေးက မအေကိုဓါးနဲ့ ထိုးရမလားဆိုပြီးတော့ အနောက်က သူ့အကျီကို ဆောင့်ဆွဲပစ်လိုက်တယ်၊ ပြီးတော့ ကလေးကို သူကထိုင်ထိုးတာ ကျမက ဒီကရှိတဲ့ ရေပုံးနဲ့ပေါ့ မျက်နှာကို ရေနဲ့ပက်ပစ်လိုက်တာပေါ့" ။

မသက်နှင်းဆွေမှာပွဲချင်းပြီးသေဆုံးသွားပါတယ်။ သူမ၏နာရေးကို သောကြာနေ့ နေ့လည် ၁၂ နာရီတွင် ပဲခူး ဆင်ဖြူ ကွင်းသုသာန်သို့ ပို့ဆောင်မည်ဖြစ်သည်။ဗိုလ်ကြီးကျော်သူရ၏ ရုပ်အလောင်းကိုပဲခူးမြို့ သာမဏေကျော်နာရေးကူညီမှုအသင်းမှ ရန်ကုန်ရေဝေး သုသာန်ရေခဲတိုက်သို့ ညနေ ၃ နာရီတွင် ပို့ဆောင်ပေးခဲ့သည်ဟု သာမဏေကျော်နာရေးကူညီမှုအသင်း အတွင်းရေးမှူးဦးကြည်ဝင်းက မဇ္ဈိမကို ပြောပြပါတယ်။

ဗိုလ်ကြီးကျော်သူရမှာ အသက် ၄၀ ကျော်ခန့် ရှိမယ်လို့ ဒေသခံများက ခန့်မှန်းထားကြသည်။ အခင်းဖြစ်ပွားပြီးချိန်တွင် ပဲခူးမြို့အမှတ် ၃ ရဲစခန်းမှ တာဝန်ကျရဲများ ရောက်ရှိလာပြီး ဓါတ်ပုံရိုက် မှတ်တမ်းတင်သွားတယ်လို့ မျက်မြင်တွေ့သူများက ပြောဆိုပါတယ်။ အမှတ် ၃ ရဲစခန်းသို့ မဇ္ဈိမက ဆက်သွယ်မေးမြန်းရာ ဖြေကြားခြင်း မရှိပါ။

---

# မြန်မာ့အရေးတိုးမြင့်ဆောင်ရွက်ဖို့လို

**RFA ၊ ၂၅ ဇွန် ၂၀ ။** ။ မြန်မာနိုင်ငံက နိုင်ငံရေးပဋိပက္ခတွေကို ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းနိုင်ရေးအတွက် ကုလသမဂ္ဂအနေနဲ့ တွေ့ဆုံဆွေးနွေးရေးတွေ ပေါ်ပေါက်လာအောင် ထပ်မံ တိုက်တွန်းပေးစေချင်ကြောင်း ဗြိတိန် နိုင်ငံ လန်ဒန်မြို့ အခြေစိုက် မြန်မာ့ အရေး လှုပ်ရှား မှုအဖွဲ့ Burma Campaign UK က ဒေါ်အောင်ဆန်းစုကြည်ရဲ့ မွေးနေ့ အထိမ်းအမှတ် အဖြစ် ကြေညာချက်ထုတ်ပြန် တောင်းဆိုလိုက် ပါတယ်။

ကုလသမဂ္ဂအနေနဲ့ မြန်မာ့အရေးနဲ့ ပတ်သက်ပြီး လေ့လာစောင့်ကြည့်နေမဲ့ အစား အရင်က ဆောင်ရွက်ချက် တွေမှာ မအောင်မမြင် ဖြစ်ခဲ့တာတွေကို ပြန်လည်သုံးသပ်ပြီး ပိုမိုထိရောက်တဲ့ ဆောင်ရွက်မှုတွေလုပ်ဆောင်ဖို့ တိုက်တွန်းလိုပါတယ်လို့ ကြေညာချက်မှာ ဆိုထား ပါတယ်။

Burma Campaign UK ရဲ့ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Anna Roberts က မြန်မာနိုင်ငံမှာ တွေ့ဆုံဆွေးနွေးရေးအတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်းက အလေးအနက်ထားဆောင်ရွက်ခြင်းမရှိသေးတာနဲ့၊ မြန်မာနိုင်ငံ အတွက်ကုလကိုယ်စားလှယ်တစ်ဦး အချိန်ပြည့်ခန့်ထားရေးတွေ ပျက်ကွက်နေတာကြောင့်မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေတွေဟာ ပိုပြီးဆိုးဝါးလာနေကြောင်း ဒီ့အတွက် တောင်းဆိုရတာဖြစ်ကြောင်း Ms. Anna Roberts ကပြောပါတယ်။

မြန်မာပြည်သူတွေရဲ့ အရေးအတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဆောင်ရွက်ချက်တွေကို အလေးထားဂုဏ်ပြုတဲ့အနေနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့ သူ့ရဲ့ လှုပ်ရှားမှုတွေကို အားပေးထောက်ခံကြဖို့ အပြောနဲ့ မဟုတ်ဘဲ လက်တွေ့ကျကျ ကူညီကြစေချင်ကြောင်းလည်း Ms. Anna Roberts က ပြောပါတယ်။

မြန်မာ့အရေးနဲ့ပတ်သက်ပြီး ကုလသမဂ္ဂက အလျင်စလိုဆောင်ရွက်တာတွေ မရှိတဲ့အတွက် ဦးသိန်းစိန် အစိုးရသစ်ဟာအပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တိုက်ပွဲဖြစ်နေတာတွေ၊ မြန်မာနိုင်ငံမှာ ပြည်တွင်းစစ်ဖြစ်ပွားနေတာတွေ တွေ့မြင်ရကြောင်း ၊ ဒါ့အပြင် နိုင်ငံရေးအကျဉ်းသားတွေလွှတ်ပေးဖို့ နိုင်ငံတကာရဲ့တောင်းဆိုချက်တွေကို လျစ်လျူရှုပြီး မြန်မာနိုင်ငံမှာ နိုင်ငံရေးအကျဉ်းသားမရှိဘူးလို့ အစိုးရက ငြင်းဆိုနေကြောင်းလည်း ဒီကြေညာချက်မှာ ဖော်ပြထားပါတယ်။

# မြန်မာ့အရေး ကုလဖိအားပေး ဆောင်ရွက်ဖို့ NSW လွှတ်တော်တိုက်တွန်း

**VOA ၊ ဇွန် ၂၁ ။** ။ မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက် မြန်မာအစိုးရသစ်က တိုင်းရင်းသားတွေအပါအဝင် အတိုက်အခံအင်အားစုတွေနဲ့ တွေ့ဆုံ ဆွေးနွေးလာအောင် ကုလသမဂ္ဂနဲ့ အတွင်းရေးမှူးချုပ် Mr. Ban Ki-moon တို့က ဦးစီးဆောင်ရွက်ပေးဖို့အပြင် ကုလသမဂ္ဂအနေနဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ခန့်ထားပေးဖို့တွေကို ဩစတြေးလျားနိုင်ငံ New South Wales လွှတ်တော်က တောင်းဆိုလိုက်ပါတယ်။ ဒ့ါအပြင် မြန်မာအစိုးရ အနေနဲ့ တိုင်းရင်းသားတွေနဲ့ စစ်ဖြစ်နေတာတွေကို ရပ်တန့်ပြီး ပင်လုံညီလာခံလို ညီလာခံတရပ်ခေါ်ယူဖို့နဲ့ အမျိုးသားသင့်မြတ်ရေးလုပ်ဆောင်ဖို့တွေကိုလည်း တိုက်တွန်းလိုက်ပါတယ်။ အပြည့်အစုံကို ဒေါ်ခင်မျိုးသက်က တင်ပြပေးထားပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်နေအိမ်အကျယ်ချုပ်က လွတ်မြောက်လာခဲ့ပြီးတဲ့နောက် အပြင်မှာ ပထမဆုံး မွေးနေ့ကျင်းပချိန် မြန်မာအစိုးရက တိုင်းရင်းသားလက်နက် ကိုင်တွေနဲ့ စစ်ခင်းနေတာတွေ့ရပြီး ငြိမ်းချမ်းရေးကိုပဲ လိုချင်တယ်လို့ ပြောဆို ခဲ့တာမို့ မြန်မာနိုင်ငံမှာ တကယ်စစ်မှန်တဲ့ ငြိမ်းချမ်းရေးရဖို့ အရေးတကြီး လိုအပ်နေပြီလို့ ဩစတြေးလျနိုင်ငံက မြင်သလို ဒီကနေ့ဇွန်လ ၂၁ ရက်နေ့မှာ မြန်မာ့အရေး ကုလသမဂ္ဂက ထဲထဲဝင်ဝင် ဆောင်ရွက်ပေးဖို့အတွက် တောင်းဆိုလိုက်တယ်လို့ ဩစတြေးလျားနိုင်ငံ နယူးဆောက်သ်ဝေးစ်ပြည်နယ် အထက်လွှတ်တော်အမတ် John Kaye က ပြောပါတယ်။

"ကုလသမဂ္ဂက မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ပြတ်ပြတ်သားသား အရေးယူ ဆောင်ရွက်ဖို့အတွက် နယူးဆောက်သ်ဝေးစ် လွှတ်တော်က ဒီကနေ့ တညီတညွတ်တည်း တောင်းဆိုလိုက်ပါတယ်။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးတွေ မရမချင်း၊ ထောင်နဲ့ချီတဲ့ နိုင်ငံရေးအကျဉ်းသားတွေ မလွှတ်မချင်း ကုလသမဂ္ဂ အနေနဲ့ မြန်မာအာဏာရှင်အစိုးရကို ဖိအားပေးရမှာဖြစ်သလို ကုလသမဂ္ဂရဲ့ လုပ်ပိုင်ခွင့်အာဏာကို သုံးပြီး မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ ဒီမိုကရေစီရရေးနဲ့ နိုင်ငံရေးအကျဉ်းသားအားလုံးလွတ်မြောက်ရေးအတွက် အမြန်ဆုံးဆောင်ရွက်ဖို့ လိုအပ်တယ်။" လို့ ပြောသွားပါတယ်။

အခုတက်လာတဲ့အစိုးရသစ်ဟာ ဒီမိုကရေစီနည်းကျ ရေးဆွဲထား တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တက်လာတာ မဟုတ်တဲ့အပြင် လွတ်လပ်ပြီး တရားမျှတမှုမရှိတဲ့ ရွေးကောက်ပွဲနဲ့ တက်လာတာမို့ ဩစတြေးလျားလွှတ်တော်က လက်မခံသလိုအသိအ မှတ်လည်းမပြုဘူးလို့ဆိုပါတယ်။ လက်ရှိမှာလည်းအစိုးရသစ်ဟာ ရာထူးအခေါ်အဝေါ်သာအသစ်ပြောင်းပြီး အရင် စစ်အစိုးရလက်ထက်ကလိုပဲ ဖိနှိပ်အုပ်ချုပ်တဲ့ပုံစံ တူနေသလို တိုင်းရင်းသားတွေနဲ့ စစ်ဆင်နွှဲနေတာတွေ မရပ်သေးဘဲ နိုင်ငံရေးအကျဉ်းသားတွေကို ဆက်ပြီးဖမ်းထားတာလို လူ့အခွင့်အရေး ချိုးဖောက်နေတာတွေကို တွေ့နေ ရတာမို့ စစ်မှန်တဲ့ ဒီမိုကရေစီပြောင်းလဲရေးတွေလုပ်ဖို့အတွက် တောင်း ဆိုလိုက်ပါတယ်။

ဒီလို ပြောင်းလဲလာဖို့အတွက် ကုလသမဂ္ဂရဲ့ အခန်းကဏ္ဍဟာ အရေးကြီးသလိုကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုယ်တိုင်ဦးဆောင်ဖို့နဲ့ မြန်မာအာဏာရှင်တွေကို အရင်လို ပျော့ပျော့ပြောင်းပြောင်း ဆက်ဆံနေတာတွေ ရပ်ပစ်ဖို့ လိုပြီလို့ ဆိုပါတယ်။

"ဘန်ကီမွန်းဟာ မြန်မာအာဏာရှင်တွေအပေါ် သက်သက်ညှာညှာနဲ့ဆက်ဆံနေတယ်လို့မြင်ပါတယ်။ ဘန်ကီမွန်းအနေနဲ့ မြန်မာအာဏာပိုင်တွေကို ဒီမိုကရေစီအတိုက်အခံတွေနဲ့ တွေ့ဆုံဆွေးနွေးညှိနှိုင်းဖို့ပြတ်ပြတ်သားသားတောင်းဆိုရမှာဖြစ်တဲ့အပြင်တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ငြိမ်းချမ်းရေး ညှိနှိုင်းမှုတွေလုပ်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးရအောင်လုပ်ပေးဖို့အတွက် ကျနော်တို့ လွှတ်တော်ကနေ တောင်းဆိုပါတယ်။" လို့ ပြောသွားပါတယ်။

ဒီလိုလုပ်ဆောင်ရာမှာလည်း ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုတွေအတွက် အချိန်ဇယားကို သေသေချာချာ သတ်မှတ်ဖို့လိုအပ် သလို မြန်မာနိုင်ငံအရေးအတွက် အချိန်ပြည့် တာဝန်ထမ်းဆောင်နိုင်မယ့် အထူးကိုယ်စားလှယ်တဦးကို အမြန်ဆုံးခန့်အပ်ဖို့ပါ တောင်းဆိုလိုက်ပါတယ်။ မကြာသေးခင်ကပဲ နယူးယောက် ကုလသမဂ္ဂရုံးချုပ်မှာ ကျင်းပတဲ့ အတွင်းရေးမှူးချုပ်ရဲ့ မြန်မာ့မိတ်ဆွေနိုင်ငံများအစည်းအဝေးမှာလည်း အလားတူတောင်းဆိုခဲ့တာမို့ မစ္စတာဘန်ကီမွန်းက မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တဦး ခန့်ထားရေးအတွက်စဉ်းစားနေပါတယ်လို့ ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်က လွှတ်ပေးလိုက်တာတခုတည်းကို ကြည့်ပြီး ပြောင်းလဲမှုတွေ တွေ့နေရပြီလို့ နိုင်ငံတကာက အမြင်မမှားသင့်ကြောင်းနဲ့ မြန်မာအစိုးရသစ်အနေနဲ့ ကချင်ပြည်နယ်နဲ့ မြန်မာနိုင်ငံအရှေ့တကြောမှာ တိုင်းရင်းသားတွေနဲ့စစ်မက်တွေဖြစ်ပွားနေတာမို့ ဒါဟာ မြန်မာနိုင်ငံမှာအမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အရေးတကြီးလုပ်ဖို့ လိုအပ်နေပြီလို့ မစ္စတာကေးက မြင်ပါတယ်။

"မြန်မာနိုင်ငံရဲ့ ရာဇဝင်ကိုကြည့်ရင် ပင်လုံညီလာခံ ကျင်းပပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လုပ်ပေးနိုင်တာသက်သေရှိပါတယ်။ ဒါကြောင့် ဒီလိုညီလာခံမျိုး ကျင်းပပေးနိုင်ရင်မြန်မာနိုင်ငံ ထဲမှာနေထိုင်တဲ့ တိုင်းရင်းသားလူမျိုးစုအသီးသီးက သူတို့ကိုစစ်ဆင်ပြီး ဖိနှိပ်နေတယ်၊ လေးစားမှုမရှိဘဲနဲ့ ဘေးဖယ်ထားနေတယ်ဆိုတဲ့အတွေးမျိုးတွေ ပျောက်သွားနိုင်ပါတယ်။" လို့ ဩစတြေးလျားအထက်လွှတ်တော်အမတ် မစ္စတာကေးက ပြောကြား ခဲ့ပါတယ်။

---

**စာမျက်နှာ ၅ မှ**

မြန်မာအစိုးရသစ် တက်လာခဲ့ပြီးတဲ့နောက်မှာ ဥရောပသမဂ္ဂက ဧပြီလထဲမှာ စီးပွားရေးပိတ်ဆို့အရေးယူ ဒဏ်ခတ်မှုတွေကို တနှစ်ထပ်ပြီး သက်တမ်းတိုးခဲ့ပါတယ်။

အခု မြန်မာနိုင်ငံကို လာရောက်ခဲ့တဲ့ မစ္စတာ ကူးပါး ဦးဆောင်တဲ့ EU ကိုယ်စားလှယ် အဖွဲ့ဟာ ဗုဒ္ဓဟူးနေ့ညနေ ၆ နာရီမှာ ရန်ကုန်က အီတလီသံရုံးမှာ သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်မှာ ဖြစ်ပါတယ်။

# မြန်မာဒုက္ခသည်များသည် ကမ္ဘာပေါ်တွင် ပဉ္စမ အများဆုံးဟု နာမည်ကြီး

**VOA ၊ ၂၁ ၂၀ ။** ။ ကချင်ပြည်နယ်အတွင်း တိုက်ပွဲများကြောင့် ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေကြရသည့် စစ်ပြေးဒုက္ခသည်များ။ ထွက်ပြေးလာတဲ့ ဒုက္ခသည်အရေအတွက် ၄၀၀,၀၀၀ ကျော်ရှိတဲ့ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ပဉ္စမမြောက်အများဆုံးနိုင်ငံဖြစ်နေတယ်လို့ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) အဖွဲ့က ပြောကြားလိုက်ပါတယ်။ ဒီနေ့ကျရောက်တဲ့ အကြိမ် ၆၀ မြောက် ကမ္ဘာ့ဒုက္ခသည်များနေ့မှာ UNHCR အဖွဲ့က ထုတ်ပြန်လိုက်တဲ့ ၂၀၁၀ နှစ်ပတ်လည် အစီရင်ခံစာထဲမှာ ဖော်ပြလိုက်တာဖြစ်ပါတယ်။ တချိန်တည်းမှာပဲ ကချင်ပြည်နယ်ထဲက တိုက်ပွဲတွေကြောင့် အိမ်နီးချင်း တရုတ်နိုင်ငံကို နောက်ဆုံးထွက်ပြေးရောက်ရှိနေတဲ့ ဒုက္ခသည်အရေးနဲ့ပတ်သက်လို့လည်း တရုတ်အစိုးရဘက်က အကူအညီတောင်းလာရင် ပေးဖို့ အဆင်သင့်ပဲလို့ UNHCR အဖွဲ့ရဲ့ အာရှဒေသတာဝန်ခံက ပြောဆိုပါတယ်။ အကြောင်းစုံကို ဒေါ်ခင်မျိုးသက်က တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံကနေ အိမ်နီးချင်းထိုင်း၊ ဘင်္ဂလားဒေ့ရှ်နဲ့အိန္ဒိယနိုင်ငံတွေကိုသာမက မလေးရှားနဲ့တရုတ်နိုင်ငံတွေထဲကိုပါဒုက္ခသည်တွေ ထွက်ပြေး ခိုလှုံနေတာ နှစ်ပေါင်းများစွာကြာခဲ့ပြီမို့ ဒီအစီရင် ခံစာထဲမှာ ပါတဲ့အတိုင်း မြန်မာနိုင်ငံက ဒုက္ခသည်တွေအများအပြားမွေးထုတ်ပေးနေတယ်လို့ အာရှဒေသဆိုင်ရာ UNHCR ပြောခွင့်ရ Kitty McKinsey က ပြောပါတယ်။

"မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ဒုက္ခသည်တွေ မွေးထုတ်ပေးနေတဲ့ ပဉ္စမမြောက် အများဆုံးနိုင်ငံ ဖြစ်တယ်ဆိုတာ ဒီနေ့ ထုတ်ပြန်တဲ့ စာရင်းဇယားတွေကိုကြည့်ရင် သိရမှာပါ။ မြန်မာနိုင်ငံထဲကနေ ဒုက္ခသည်တွေထွက်လာနေတာ နှစ်ပေါင်းသိပ်ကိုကြာနေပါပြီ။ သူတို့ဟာ ထိုင်း၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံတွေထဲသာမက တခြား အိမ်နီးချင်း မဟုတ်တဲ့ ဝေးလံတဲ့ နိုင်ငံတွေဆီကိုပါ ထွက်ကြတာပါ။ ရိုဟင်ဂျာလို ဒုက္ခသည်တွေကတော့ သူတို့အသက်ကို ပဓာနမထားဘဲ မြန်မာနိုင်ငံက ထွက်သွားရင်ပြီးရော အသက်စွန့်ပြီး ထွက်နေကြပါတယ်။" လို့ ပြောသွားပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ခိုလှုံနေတဲ့ ရိုဟင်ဂျာဒုက္ခသည်တွေ အတွက် ခိုလှုံစရာ စခန်းတွေဖွင့်ပြီး UNHCR က အကူအညီတွေ ပေးနေသလို ထိုင်းနိုင်ငံထဲမှာလည်း ဒုက္ခသည်စခန်း ၉ ခုဖွင့်ပြီး အကူအညီတွေ ပေးနေတယ်လို့ ဆိုပါတယ်။

"ထိုင်းနိုင်ငံက UNHCR မှာ ၉၃,၀၀၀ ကျော် တရားဝင် မှတ်ပုံတင်ပြီး အခု နေနေပါတယ်။ ၅၅,၀၀၀ လောက်ကတော့ အမှန်တကယ် ဒုက္ခသည်လို့ သတ်မှတ်နိုင်ခြင်း ရှိမရှိ စစ်ဆေးနေတဲ့ အဆင့်မှာပဲ ရှိပါသေးတယ်။ ထိုင်းအစိုးရရဲ့ သတ်မှတ်ထားတဲ့ ဘောင်နဲ့ ဝင်မဝင် စစ်ဆေးနေတာပါ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာတော့ ကုလသမဂ္ဂရုံးနဲ့ ဘင်္ဂလားဒေ့ရှ် အစိုးရတို့က ရိုဟင်ဂျာဒုက္ခသည်တွေအဖြစ် အသိအမှတ်ပြုထားသူ ၂၉,၀၀၀ လောက် ကော့က်စ်ဘဇားမှာရှိနေပါတယ်။ သူတို့ဟာ ကုလသမဂ္ဂရဲ့ ကူညီထောက်ပံ့မှုရော၊ တခြားအဖွဲ့အစည်းတွေရဲ့ အကူအညီကိုပါ ရနေတာပါ။ ဒါ့အပြင် ဘင်္ဂလားဒေ့ရှ်အစိုးရရဲ့ခန့်မှန်းချက်အရ စာရင်းမရှိဘဲ ရောက်နေတဲ့ဒုက္ခသည်ပေါင်းက ၂၀၀,၀၀၀ လောက်ရှိနေပါတယ်။" လို့ ပြောသွားပါတယ်။

ဒီဒုက္ခသည်စခန်းတွေမှာ ခိုလှုံနေကြသူတွေအနေနဲ့ သူတို့ကို နှိပ်စက်သတ်ဖြတ်မယ့်သူ မရှိတာနဲ့ မြေမြှုပ်မိုင်း အန္တရာယ်တွေကို မကြောက်ကြရပေမဲ့ ကိုယ့်အိုးကိုယ့်အိမ် ရပ်ရွာစွန့်ခွာ ထွက်ပြေးလာကြသူတွေမို့ ပင်ပန်းဆင်းရဲမှုတွေရှိနေတယ်လို့ ဆိုပါတယ်။

မကြာခင်ကမှ ကချင်တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ KIA နဲ့ အစိုးရစစ်တပ်ကြားဖြစ်ပွားခဲ့တဲ့ တိုက်ပွဲတွေကြောင့် တရုတ်နိုင်ငံဘက်ကို ထွက်ပြေးခိုလှုံရသူကလည်း သောင်းဂဏန်းအထိရှိနေပြီလို့ KNG ကချင်သတင်းဌာန တာဝန်ခံကိုနော်ဒင်းက ပြောပါတယ်။

"ဒုက္ခသည်တွေက စာရင်းအရ ဆိုရင်တော့ ၁၀,၀၀၀ ကျော် ရောက်နေပါတယ်။ အားလုံးပေါင်းလိုက်ရင်တော့ အခုချိန်မှာ ၂၀,၀၀၀ ကျော်ရှိပြီ။ အထူးသဖြင့် အစိုးရထိန်းချုပ်တဲ့ ရပ်ရွာကနေတရုတ်နယ်စပ်ဘက်ကို ထွက်ပြေးနေတဲ့အရေအတွက်က တိုးလာတာကိုတွေ့ရတယ်။ တရုတ်နယ်စပ်ဘက်မှာဆိုရင်တော့ နိုင်ငံတကာရဲ့ ကူညီစောင့်ရှောက်မှုတွေလည်း ကောင်းကောင်းမရဘဲ အခုဆိုရင် စစ်ပွဲတွေက ပိုပြီး ပြင်းထန်လာတဲ့အခြေအနေမှာရှိတဲ့အတွက်ကြောင့်အတော်လေး ဒုက္ခရောက်မယ့်အခြေအနေတွေ ရောက်နေတယ်။

"အကောင်းဆုံးကတော့ မြန်မာပြည် နိုင်ငံရေးပြေလည်မှုသာ မရှိရင် ဒုက္ခသည်စခန်းတွေကို တရုတ်နယ်စပ်ဘက်မှာ တရုတ်အစိုးရ ခွင့်ပြုပြီး ဒုက္ခသည်စခန်းဖွင့်ပြီးမှ ဒုက္ခသည်တွေကို နေရာချထားခြင်း အားဖြင့်သာလျှင် သူတို့ကို ကူညီလို့ရမယ်လို့ ကျနော့် မြင်ပါတယ်။"

အခုနောက်ဆုံးမြန်မာနိုင်ငံထဲကထွက်လာတဲ့ဒုက္ခသည်တွေကို တရုတ်အစိုးရက အသိအမှတ်ပြုပြီး ဒုက္ခသည်စခန်းတွေ ဖွင့်ပေးဖို့ ကချင်တိုင်းရင်းသားတွေဘက်က လိုလားနေသလို ကုလသမဂ္ဂဘက်ကလည်း အကူအညီတွေပေးဖို့ အသင့်ပဲလို့ မစ်စ်မက်ကင်ဆီက ပြောပါတယ်။

"ဒုက္ခသည်တွေအရေးနဲ့ပတ်သက်ပြီး ဘယ်အစိုးရကပဲ အကူအညီတောင်းတောင်း ကျမတို့က ပေးဖို့အမြဲအသင့်ပါ။ တကယ်လို့ တရုတ်နိုင်ငံက သူ့နယ်စပ်မှာ အကူအညီပေးဖို့ တောင်းလာရင် ပေးဖို့အသင့်ပါ။ ဒါပေမဲ့ သိပ်မကြာခင်တုန်းက နယ်စပ်မှာ ဝ နဲ့ဖြစ်ပွားတဲ့ တိုက်ပွဲတွေကြောင့် သူ့နိုင်ငံထဲ မြန်မာနိုင်ငံဘက်က ဒုက္ခသည်တွေထွက်ပြေးလာခဲ့တုန်းကတော့ အကူအညီ မတောင်းခဲ့သလို အဲဒီနေရာတွေကိုကျမတို့ကို သွားခွင့်လည်းမပေးခဲ့ပါဘူး။" လို့ မစ်စ် မက်ကင် ဆီကပြောသွားပါတယ်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ UNHCR အဖွဲ့ဟာ ၂၀၀၅ ခုနှစ်ကနေ အခုချိန်အထိ မြန်မာဒုက္ခသည်ပေါင်း ၇၀,၀၀၀ ကျော်ကို တတိယနိုင်ငံတွေမှာ အခြေချပြီး နေနိုင်အောင်အတွက် အကူအညီတွေ ပေးခဲ့ပါတယ်။

**ဂျွန် ၁၈ | RFA ll ll** ရန်ကုန်တွင် သာသနာ့တက္ကသိုလ်ဖွင့်ပွဲတွင်  ဆရာတော်ဦးဉာဏိဿရသည် မြန်မာနိုင်ငံရေးတွင်လည်း အာဏာခွဲဝေသွားလျှင် အဆင်ပြေနိုင်ကြောင်းထည့်သွင်းမိန့်ဆို၏။

**ဂျွန် ၁၉ | RFA ll ll** ငြိမ်းချမ်းရေးရရန် အားလုံးဝိုင်းကြိုးပမ်းရန် ဒေါ်အောင်ဆန်းစုကြည်မှ မိမိ၏  ၆၆ နှစ် မွေးနေ့အခမ်းအနားတွင်ဆို၏။

**ဂျွန် ၁၉ | RFA ll ll** နိုင်ငံရေးအကျဉ်း ၆၅ နှစ်ချကျနေသူ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်သည်  ပြန်လာပြီး ဥာန်တရာသီ ဒေါ်အောင်ဆန်းစုကြည်မွေးနေ့သီးချင်းလက်ဆောင်ပါး၏။

**ဂျွန် ၁၉ |  Mizzima TV ll ll** မြန်မာတွင် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရန် အိန္ဒိယမှ ကြိုးပမ်းရန် အိန္ဒိယနိုင်ငံပြည်သူများသို့ ဒေါ်အောင်ဆန်းစုကြည်မှ မိမိ၏ ၆၆ နှစ်မွေးနေ့ ဗွီဒီယိုသဝဏ်မှမေတ္တာရပ်၏။

**ဂျွန်၁၉ | RFA ll ll** ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ လိုင်ဇာ၊ နော်ဝေ၊ အိန္ဒိယ၊ ထိုင်း၊ ကိုးရီးယား၊ ဂျပန်၊ မလေးရှား၊ ကနေဒါ၊ အမေရိကန်၊ သြစတြေးလျား တို့အပါအဝင်  ကမ္ဘာတလွှားတွင်ကျင်းပ၏။

**ဂျွန် ၁၉ | News Agencies ll ll** ဒေါ်အောင်ဆန်းစုကြည်၏မွေးနေ့ကို ရန်ကုန်တွင် အဲန်အဲလ်ဒီမှကျင်းပခဲ့၏။ သူမ၏သား ကင်မ်လည်း ရန်ကုန်လေဆိပ်သို့ရောက်ရှိလာ၏။

**ဂျွန် ၁၉ | Vancouver Sun ll**  မြန်မာနယ်စပ်တွင်ဖြစ်နေသောတိုက်ပွဲများသည်  တရုတ်ပြည်၏ သဘာဝစွမ်းအားရရေး လောဘစီမံကိန်းများ၏ တာဝန်မကင်းကြောင်း။

**ဂျွန် ၁၉ | XNA ll ll** ဦးစိုးနိုင်ဦးဆောင်လာသည့် မြန်မာမှ ကြံ့ဖွံ့အဖွဲ့အား တရုတ်အကြီးတန်း နိုင်ငံရေးအကြံပေး လီကျင်ဝှာမှတွေ့ဆုံ၏။

**ဂျွန် ၂၀ | Mizzima ll ll** ဒုက္ခသည်များနေ့တွင် ဒုက္ခသည်စခန်းမှ ခလေးအချို့သည် မိမိတို့သည် မြန်မာအကြောင်း သရုပ်ဖော်ပန်းချီကားတွင် မှင်နီတမျိုးထဲဖြင့်ရေးဆွဲမည်၊ အဘယ်ကြောင့်ဆိုသော် မြန်မာစစ်အစိုးရကြောင့် နိုင်ငံအဝှမ်း သွေးသန်ရဲပြီး ခလေးများ၏ ကြောက်ရွံ့ငိုသံများဖြင့်သာ လျှံခြင်းကြောင့်ဟုဆို၏။

**ဂျွန် ၂၀ | XNA ll ll** နိုင်ငံခြားသို့ ၃ လကျော်လည်ပတ်၍ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးသူ မြန်မာများအား မြန်မာအစိုးရမှ အခွန်ငွေကောက်ခံမည်ဟု အာဏာပိုင်များမှဆို၏။

**ဂျွန် ၂၀ | Irrawaddy ll ll** ဂျွန်လ ၂၆ တနင်္ဂနွေနေ့ထုတ် ဘန်ကောက်ပို့စ်သတင်းစာကို ဒေါ်အောင်ဆန်းစုကြည်၏ ပြည်တွင်းခရီးစဉ်အကြောင်းပါ၍ စာပေစိစစ်ရေးအား အာဏာပိုင်များမှပိတ်ပင် ခိုင်းခဲ့၏။

**ဂျွန် ၂၀ | The Nation ll ll** ကုလထုတ်ပြန်ချက်အရ မြန်မာသည် ကမ္ဘာတွင် ခိုလှုံသူဒုက္ခသည်ထွက်သည့်နိုင်ငံများတွင် အဆင့် ၅ တွင်ရှိ၏။

**ဂျွန် ၂၀ | Mizzima ll ll** တောင်ငူတွင် လျှပ်စစ်စက်ဓါတ်အားပေးစက်ရုံအား အမည်မသိလက်နက်ကိုင်အဖွဲ့တဖွဲ့မှ ဒုံးကျည်စနက်ပုံးများဖြင့် ပစ်ခဲ့၏။

**ဂျွန် ၂၀ | Mizzima ll ll** ကေအိုင်အိုအပေါ်တိုက်ခိုက်မှုများရပ်ဆိုင်းထားကြောင်း သက်သေပြရန် မြန်မာတပ် ကြံ့ဖွံ့မှ ဦးသိန်းဇော်သို့  ကေအိုင်အိုမှစာပို့၏။

**ဂျွန် ၂၀ | DVB ll ll** မြန်မာတပ်နှင့်ကချင်တပ်များ တိုက်ပွဲများကြောင့် ၀ တပ်မတော်လည်း သတိချပ်နေကြောင်း။

**ဂျွန် ၂၀ | RGN ll ll** အိန္ဒိယနိုင်ငံခြားရေးတာဝန်ခံ  SM Krishna မြန်မာသို့ရောက်ရှိ၏။

**ဂျွန် ၂၀ | Channel News Asia ll ll** ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့  မြန်မာနိုင်ငံရေးပြောင်းလဲမှုအခြေအနေသုံးသပ်ရန် မြန်မာသို့ရောက်ရှိ၏။

**ဂျွန် ၂၀ | PARIS ll ll** ဒေါ်အောင်ဆန်းစုကြည်၊ ကိုဘိုကြည်၊ ကိုထွန်းလင်းကျော် တို့၏ဓါတ်ပုံများအတွက် ၂၀၁၁ ပါရီတွင် အပြည်ပြည်ဆိုင်ရာ  PX 3 ဓါတ်ပုံပြိုင်ပွဲတွင်  James Mackay သည် ရွှေ၊ ငွေဆုများရခဲ့၏။

**ဂျွန် ၂၀ |  KNG/RFA ll ll** ဂျွန်လ ၁၇ တွင် မြန်မာစစ်တပ်ကိုယ်စားလှယ်အဖွဲ့  ကချင်တပ်အရာရှိများနှင့်ဆွေးနွေးရန် ရောက်ရှိခဲ့ကြောင်း။

**ဂျွန် ၂၁ | RGN -EU ll ll** အီးယူ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ခဲ့ကြောင်း ဦးအုန်းကြိုင်မှဆို၏။

**ဂျွန် ၂၁ | Monsters and Critics ll ll** ဥရောပသမဂ္ဂသည် မြန်မာအစိုးရသစ်နှင့်တွေ့ ဆုံခဲ့၏။

**ဂျွန် ၂၁ | Irrawaddy ll ll** တိုင်းရင်းသားအဖွဲ့များနှင့် ၈၈၈၈ အဖွဲ့များမှကြီးမှူးကျင်းပသည့် ဒေါ်အောင်ဆန်းစုကြည်၏မွေးနေ့ကျင်းပပွဲသို့အလုပ်ရှုပ်နေသည့်ကြားမှ ကချင်များ အများဆုံးတက်ရောက်ခဲ့၏။

**ဂျွန် ၂၁ | Irawaddy ll ll** ကချင်ဒုက္ခသည်များသည် အစာရေစာရှားပါးနေကြောင်း။

**ဂျွန် ၂၁ | Mizzima ll ll** မြန်မာရွေးကောက်ပွဲကော်မရှင်သည် ကချင်အမျိုးသမီး ဒေါ်ပေါက်ဂျာ၏ နိုင်ငံရေးပါတီကို ဖျက်သိမ်းမည်ဟုခြိမ်းခြောက်၏။

**ဂျွန် ၂၁ | KL ll ll** ဒေါ်အောင်ဆန်းစုကြည်အခန်းမှပါဝင်သည့်ရုပ်ရှင်သည် အကယ်ဒမီရမည်ဟုမျှော်လင့်ကြောင်း သရုပ်ဆောင် Datuk Michell Yeoh မှဆို၏။

**ဂျွန် ၂၁ | NayPyiTaw ll ll** အိန္ဒိယနှင့်မြန်မာတို့သည် နေပြည်တော်တွေ့ဆုံပွဲတွင် ကုလားတန်မြစ်တိုးမြှင့်ရေး၊ ချင်းပြည်နယ်–အိန္ဒိယလမ်းဖောက်ရေးများဆွေးနွေးခဲ့၏။

**ဂျွန် ၂၁ | ND ll ll** မြန်မာနှင့်ကချင်တပ်များပစ်ခတ်မှုများကြောင့် ကသီနေသော ULFA အဖွဲ့အား အိန္ဒိယအစိုးရသည် ထည့်သွင်းဆွေးနွေးရန်စီစဉ်နေ၏။

**ဂျွန် ၂၁ | Irrawaddy ll ll** ယခုအပတ် အီးယူအဖွဲ့နှင့်ဆွေးနွေးစဉ် အဲန်အဲလ်ဒီသည် စစ်တပ်နှင့်တိုင်းရင်းလက်နက်ကိုင်အဖွဲ့ များအကြား တိုက်ပွဲများအကြောင်းထိပ်ဆုံးမှ ဆွေးနွေးမည်ဟုဆို၏။

**ဂျွန် ၂၂ | Asian Correspondent ll ll** ကချင်အမျိုးသမီး ၁၈ ဦးအား အဓမ္မပြုကျင့်ခြင်း၊ သတ်ဖြတ်ခြင်းတို့ကို ပြုလုပ်ခဲ့ခြင်းအတွက် မြန်မာတပ်များအား ထိုင်းရှိကချင်အမျိုးသမီးအဖွဲ့  KWAT မှ မြန်မာအစိုးရအား ပစ်တင်ပြီး မုဒိမ်းကျင့်ခြင်းကို လက်နက်အဖြစ်သုံးခြင်းကို ရပ်တန့်ရန်တောင်းဆို၏။ **စာမျက်နှာ ၁၃ သို့**

# ကချင်ကျောင်းဆရာ ရွာလူကြီးမှ ဖမ်းဆီးမယ်ဟု ဖုန်းဖြင့်ခြိမ်းခြောက်

**Mizzima ၊ ဂျွန် ၁၇ ။** ။ နေရပ်သို့ပြန်ရန် ဖိအားပေးခံရသည့် ကချင်ကျောင်းသူကျောင်းသားများ၏ အုပ်ထိန်းသူဖြစ်သည့် ဆရာ တန်ရှင်ဖုန်ကို ရွာလူကြီးမှ ဖမ်းဆီးမည်ဟု ကြာသပတေးနေ့ ည ၆ နာရီခန့်တွင် ဖုန်းဖြင့်ခြိမ်းခြောက်ခဲ့သည်။

ကချင်ပြည်နယ်ပူတာအို၊မချမ်းဘောနှင့်ဆွမ်ဖရာဘွန်ဇာတိဖွား ကျောင်းသားကျောင်းသူ ၁၉ ဦးသည် ရန်ကုန်တိုင်း သန်လျင်မြို့နယ် ဗိုလ်ချုပ်ရွာရှိ နေအိမ်တအိမ်တွင် မေလဆန်းမှစတင်၍ငှားရမ်း နေထိုင်ကြပြီး ပညာသင်ကြားနေကြစဉ် ဒေသအာဏာပိုင်များက နေရင်းပြန်ရန် ဇွန် ၁၄ ရက်နေ့မှစတင်၍ ကြိုးစားနေခဲ့သည်။

သောကြာနေ့ညမတိုင်မီ လက်ရှိငှားရမ်းထားသောနေအိမ်မှ ထွက်ခွာရန်နှင့် မလိုက်နာပါက အုပ်ထိန်းသူ ဆရာတန်ရှင်ဖုန်ကို ဖမ်းဆီးမည်ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးမှ ခြိမ်းခြောက်ခဲ့ခြင်းဖြစ်ကြောင်း ကျောင်းသားများကို အကူအညီပေးနေသည့် အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ NDF မှ ဒေါ်ဘောက်ဂျာက မဇ္ဈိမကို ပြောသည်။

"ဒီအတိုင်းရှိနေမယ်ဆိုရင် ခင်ဗျားကိုဖမ်းမယ်လို့ ဖုန်းနဲ့ ပြောတယ်လို့ မနေ့က ကျမဆီဖုန်းနဲ့အကြောင်းကြားတယ်" ဟု ကျောင်းဆရာကို အသိပေးထားကြောင်း ဒေါ်ဘောက်ဂျာက ဆိုသည်။

ယခုလ ၁၄ ရက်နေ့ကလည်း ဒေသခံအာဏာပိုင်များနှင့် ရဲများက နေအိမ်မှ ထွက်ခွာပါမည်ဆိုသော ကတိဝန်ခံချက်ကို လက်မှတ်ထိုးစေခြင်းကြောင့် တန်ရှင်ဖုန်မှ လက်မှတ်ထိုးပေးခဲ့ရသည်ဟုလည်း ကျောင်းသားများ ငှားရမ်းနေထိုင်သောအိမ်၏ပိုင်ရှင် ဦးဖလမ်းမင်က ပြောသည်။ အကြောင်းပြချက်မပေးဘဲ အာဏာပိုင်များကကျောင်းသားများကို ဧည့်စာရင်းတိုင်ခွင့်လည်း ပိတ်ပင်ထားသည်။

ကျောင်းသားများကတော့ "ဖမ်းရင်လည်း ဖမ်းပလေ့စေ အဖမ်းခံလိုက်မယ်" ဟုဆိုကာ အာဏာပိုင်များကိုအံတုရန် ဆုံးဖြတ်ထားပုံရသည်ဟု ဒေါ်ဘောက်ဂျာက ပြောသည်။

ကချင်ကျောင်းသားများ ပညာသင်ကြားရန် နေထိုင်ခြင်းကိုပိတ်ပင်သည့်အပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်က ကျောင်းသားထုတရပ်လုံးအား စော်ကားသည့်လုပ်ရပ်" အဖြစ်ရှုတ်ချလိုက်သည်။

အစိုးရသည် "အာဏာတည်မြဲရေးအတွက် ဒီမိုကရေစီလှုပ်ရှားသူများကို ဖမ်းဆီးနှိပ်စက် ထောင်ချနေသလို စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေးအတွက် မိမိတို့လူထုကို ကာကွယ်ရင်း တိုက်ပွဲဝင်နေသော တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများကိုလည်း အရှိန်အဟုန်မြှင့်၍ ထိုးစစ်များဆင်လျက်ရှိနေကြသည်" ဟု ပြည်ပအခြေစိုက် ဗကသနိုင်ငံခြားရေးရာကော်မတီ၏ကြေညာချက်တွင်ပါရှိသည်။

# ကချင်အမျိုးသမီးတွေ မုဒိမ်းကျင့်ခံနေရ

**RFA ၊ ဂျွန် ၂၂ ။** ။ မြန်မာစစ်တပ်က ကချင်အမျိုးသမီးတွေ အပေါ် အဓမ္မပြုကျင့်မှုတွေ ဆိုးဆိုးဝါးဝါးကျူးလွန်နေတာကို ရပ်တံ့ပေးဖို့ ထိုင်းနိုင်ငံအခြေစိုက် KWAT ကချင်အမျိုးသမီးများအဖွဲ့က မနေ့က ရက်စွဲနဲ့ ကြေညာချက်တစောင်ထုတ်ပြန်ပြီး တောင်းဆိုလိုက်ပါတယ်။

မြန်မာစစ်တပ်ဟာ ကေအိုင်အေ ကချင် လက်နက်ကိုင်တွေနဲ့ တိုက်ပွဲတွေဖြစ်ပွားနေတာကြောင့် ကချင်ပြည်နယ်တဝှမ်းမှာ အမျိုးသမီးတွေ မုဒိမ်းပြုကျင့်ခံရတဲ့ အခြေအနေတွေ ဆိုးဝါးလာနေတယ်လို့ ကချင် အမျိုးသမီးများအဖွဲ့က မရှယ်လီစိုင်းက RFA ကို ပြောပါတယ်။

စစ်တပ်သွားလာနေတဲ့ လမ်းကြောင်း တလျှောက်မှာ မြန်မာ စစ်တပ်က သတ်လိုက် ဖြတ်လိုက်၊ ယောက်ျားတွေကို ပေါ်တာဆွဲလိုက်၊ အမျိုးသမီးတွေတွေ့ရင် အဖွါးကြီးမကျန် ကလေးမကျန် ရက်စက်စွာ မုဒိမ်း ပြုကျင့်ကြတယ်လို့ မရှယ်လီစိုင်းကပြောပါတယ်။

ကချင်ပြည်နယ်တဝှမ်းမှာ ဇွန်လ ၁၀ ရက်နေ့ ကနေ ၁၈ ရက်နေ့အထိ အဓမ္မပြုလုပ်ခံရတဲ့ ကချင်အမျိုးသမီး အနည်းဆုံး ၁၈ ဦးရှိသွားပြီဖြစ်ကြောင်း ကချင်အမျိုးသမီးများအဖွဲ့က ပြောပါတယ်။

အထူးသဖြင့် မြန်မာစစ်အစိုးရတပ်တွေ ဖြစ်တဲ့ ခမရ-၂၃၁၊ ၁၄၁၊ ၁၃၉ နဲ့ ၄၃၇ တပ်တွေဟာ ဗန်းမော်ခရိုင်အတွင်းက မြို့နယ်လေးခုမှာ ဒေသခံအမျိုးသမီးတွေကို အဓိကအဓမ္မ ပြုကျင့်ခဲ့ကြရကြောင်း၊ ပြုကျင့်ခံရသူတွေထဲမှာ အသက် ၁၅ နှစ်ကစလို့ ၅၀ ဝန်းကျင် အရွယ်အထိပါဝင်ကြောင်း၊ စစ်တပ်ရဲ့ အထက်အမိန့်အရ ကျူးလွန်ခဲ့ကြတာဖြစ်နိုင်ကြောင်း KWAT ကချင် အမျိုးသမီးများအဖွဲ့ရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

# မြန်မာအလုပ်သမား ၅၄ ဦး ထိုင်းအာဏာပိုင်ပြန်လွှတ်

**RFA ၊ ဂျွန် ၁၇ ။** ။ ထိုင်းနိုင်ငံ ဆဖန်ဘူရီခရိုင်က အိမ် ၃ လုံးမှာ ပြန်ပေးငွေနဲ့ရွေးယူဖို့ လူမှောင်ခိုပွဲစားတွေက ဖမ်းဆီးထားတဲ့ မြန်မာအလုပ်သမား ၅၄ ဦးကို ထိုင်းအာဏာပိုင်တွေက ပြန်လွှတ်ပေးလိုက်တယ်လို့ ထိုင်းရဲတပ်ဖွဲ့က မနေ့ကပြောပါတယ်။

တချိန်ထဲမှာလည်း မြန်မာ ၂ ဦးအပါဝင် ထိုင်း ၄ ဦးပါတဲ့ အဲဒီလူမှောင်ခိုအဖွဲ့ကို ထိုင်းရဲတပ်ဖွဲ့ကဖမ်းဆီးလိုက်ပြီး တရားမဝင် ဖမ်းဆီးချုပ်နှောင်မှု အတင်းအကြပ်ငွေကြေးတောင်းခံမှုတွေနဲ့ ဖမ်းဆီးအရေးယူလိုက်ပါတယ်။

လူပွဲစားတွေဟာ မြန်မာအလုပ်သမားတွေကို ဒီ အိမ် ၃ လုံးမှာ ရက်အနည်းငယ်ချုပ်နှောင်ထားခဲ့တယ်လို့ လူမှောင်ခိုကူးမှု တိုက်ဖျက်ရေးဒေသဆိုင်ရာ ရဲမင်းကြီး ပိုရာပေါင်းကပြောပါတယ်။

ဒါပေမယ့် အခု မြန်မာအလုပ်သမား ၅၄ ဦးကိုလည်း ထိုင်းနိုင်ငံထဲ တရားမဝင် ဝင်ရောက်မှုနဲ့ တရားစီရင်ပြီး ပြည်နှင်ဒဏ်ပေးမယ်လို့လည်းသူကပြောပါတယ်။ဒီလူမှောင်ခိုဂိုဏ်းကိုဖမ်းဆီးခံရတဲ့အလုပ်သမားတွေထဲက တဦးရဲ့ဆွေမျိုးနီးစပ်သူတဦးက သတင်းပေးချက်အရ ထိုင်းရဲက တွေ့ ရှိခဲ့တာလို့ ဆိုပါတယ်။

တချိန်ထဲမှာလည်း ထိုင်းနိုင်ငံ တပ်ခရိုင် အနောက်ဖက်မှာ ထရပ်ကားငယ်တွေမှာတင်ခေါ်လာတဲ့ တရားမဝင် မြန်မာအလုပ်သမား ၇၆ ဦးကိုဖမ်းဆီးခဲ့သလို နောက်ထပ် မြန်မာအလုပ်သမား ၁၀၀ ခန့်လည်း မြို့တော်ဘန်ကောက်အနီးမှာ ဖမ်းဆီးခဲ့တယ်လို့ သိရပါတယ်။

ထိုင်းနိုင်ငံမှာ နိုင်ငံခြားသားအလုပ်သမား ၂ သန်းခန့်ရှိပြီး အများစုဟာ မြန်မာ၊ ကမ္ဘောဒီးယားနဲ့ လာအိုနိုင်ငံတွေကဖြစ်ပါတယ်။



VOB သတင်းတိုထွာဖတ်စရာ

ဝရုန်ဝံဝရုး

## ရန်ကုန်မှ အဲန်ကာဝပ်သို့

Air Bagan လေကြောင်းဟာ ရန်ကုန်မှ တိုက်ရိုက် (Angkor Wat) of Cambodia အထိမကြာမီ ပျံသန်းပြေးဆွဲဖို့ စဉ်းစားနေတယ်လို့ဆိုပါတယ်။ Air Bagan ဟာ ပြည်တွင်း ပျံသန်းပြေးဆွဲနေတဲ့ တတိယအကြီးပုဂ္ဂလိပိုင်လေကြောင်းလိုင်းဖြစ်ပါတယ်။

လေကြောင်းလိုင်းဟာ two Fokker F-100 aircrafts, two ATR -72 aircrafts and two ATR-42 aircrafts,လေယာဉ်တွေကို အသုံးပြုပြီး ပြည် တွင်း ပြည်ပခရီးစဉ်တွေကို ပုံမှန်ပြေးဆွဲပေးနေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အောက်တိုဘာလကစလို့ ထိုင်းနိုင်ငံ ချင်းမိုင်နဲ့ ဖူးခက်တို့အထိပြေးဆွဲနေခဲ့ဖြစ်ပါတယ်။ (Xinhua(RGN) 20 June , 2011)

## မူးယစ်ဆေးအထွက်နှုန်းတိုး

မြန်မာနိုင်ငံမှာ မူးယစ်ဆေးဝါးထုတ်လုပ်မှုဟာ လွန်ခဲ့နှစ် ၂၀၀၉ နှစ်က တန်ချိန် ၃၃၀ မှ ဒီနှစ်မှာတော့ တန်ချိန် ၅၈၀ တိုးမြင့်လာကြောင်း ကုလသမဂ္ဂမှ ခင်းနဲ့ မူးယစ်ဆေးဝါးထိန်းချုပ်ရေး UNODC ရဲ့ အစီရင်ခံစာမှာ ဖော်ပြလိုက်ပါတယ်။ ရှမ်းပြည်နယ် ဆင်းရဲနွမ်းပါးတဲ့ တောင်သူတွေအတွက်လိုအပ်တဲ့ ဝင်ငွေကို ဘိန်းထုတ်လုပ်မှုမှာ ရရှိကြတာဖြစ်ပါတယ်။

UNODC ရဲ့ အစီရင်ခံစာအရ အရှေ့အာရှပစ္စဖိတ်ဒေသတွင်း မူးယစ်ဆေးဝါးသုံးစွဲသူ ခြောက်သိန်းခန့်ရှိပြီး အများစုမှာ HIV ရောဂါရှိနေကြသူများဖြစ်ပါတယ်။ (IRIN- 24 June , 2011)

## ဗုံးတရားခံ ဘယ်သူလဲ

မကြာခင်က နေပြည်တော်၊ မန္တလေးမြို့နဲ့ မေမြို့မှာ ဗုံးတွေဆက်တိုက်ပေါက်ကွဲခဲ့ပါတယ်။ ဘယ်သူ့လက်ချက်ဆိုတာ ဒီကနေ့အထိ ဖော်ထုတ်နိုင်ခြင်းမရှိသေးပါဘူး၊ အရင်က ဒီလိုဗုံးတွေပေါက်ကွဲတဲ့အခါ နယ်စပ်လက်နက်ကိုင်အဖွဲ့အစည်းတွေ၊ ကျောင်းသားတပ်မတော်အဖွဲ့နဲ့ အတိုက်အခံအင်အားစုတွေကို အခြေအမြစ်မရှိပဲ ရမ်းသမ်းစွပ်စွဲလေ့ရှိပါတယ်။

အတိုက်အခံအင်အားစုတွေကတော့ နအဖစစ်တပ်ဟာ သူကိုယ်တိုင်က ဒီဗုံးတွေကို ရည်ရွယ်ချက်ရှိရှိ စီစဉ်ပြီး ဖောက်ခွဲနေတာဖြစ်တယ်လို့ တန်ပြန်စွပ်စွဲလေ့ရှိပါတယ်။

အခုဗုံးပေါက်ကွဲမှုကိုတော့ ဘယ်သူ့ကိုမှ စွပ်စွဲတာမရှိသေးပါ၊ VOB မှ စုံစမ်းသိရှိရကတော့ မေမြို့ ဗုံးပေါက်တဲ့ အိမ်ငှားနေသူ၊ မန္တလေးမှာပေါက်တဲ့ ဗုံးတင်ကားကို ငှားစီးသူနဲ့ နေပြည်တော်ဗုံးပေါက်တဲ့အိမ်ငှားရမ်းနေသူဟာ နာမည်တခုတည်းဖြစ်နေတာဟာ ထူးဆန်းနေပါတယ်။ အဲဒီသူက ရှမ်းတရုတ်လူမျိုးဖြစ်တယ်လို့လည်း ပြောဆိုနေကြပါတယ်။ ယနေ့အထိ ဖမ်းဆီးနိုင်ခြင်းမရှိသေးကြောင်း သိရပါတယ်။ (VOB- 24 June , 2011)

## မြန်မာ ကမ္ဘာ့ အဆင့် ၅ မှာရှိ

တိုင်းပြည်တွင်း ပဋိပက္ခတွေကြောင့် နယ်စပ်ကတဆင့် ပြည်ပထွက်ပြေးခိုလှုံနေကြရတဲ့ စစ်ပြေးဒုက္ခသည်ပေါင်း ၄၁၅,၇၀၀ ဖြစ်နေတဲ့အတွက် မြန်မာနိုင်ငံဟာ ဒုက္ခသည်များကို မွေးထုတ်ပေးနေတဲ့ ကမ္ဘာ့အ ဆင့် ၅ မှာရှိတဲ့ နိုင်ငံဖြစ်တယ်လို့ ၂၀၁၀ UNHRC အစီရင်ခံစာက ဆိုပါတယ်။

မြန်မာပြည်ထွက် ဒုက္ခသည်တွေဟာ စီးပွားရေးအခက်အခဲကြောင့် တကြောင်း စစ်အာဏာရှင်စနစ်ဆိုးကြောင်း ပဋိပက္ခတွေဖြစ်ပွားလို့ထွက်ပြေးလာရသူတွေများပါတယ်။ နယ်စပ်တခွင်ရှိ တိုင်းရင်းသားလူမျိုးစုတွေဟာ နအဖစစ်တပ်ရဲ့ ညဉ်းပမ်း နှိပ်စက် သတ်ဖြတ် မုဒိမ်းကျင်းစတာတွေကြောင်း နီးစပ်ရာတဖက်နိုင်ငံကိုထွက်ပြေးကြရတာဖြစ်ပါတယ်။(The Nation 20 June ,2011)

## အကျင်နာတရား ဆက်ထားပါ

ထိုင်း မြန်မာနယ်စပ် မယ်ဟောင်ဆောင်, တာခ် , ကန်ချနာဘူရီ,ရာချ်ဘူရီခရိုင်မှာရှိတဲ့ မြန်မာစစ်ပြေးဒုက္ခသည်စခန်းများမှ ဒုက္ခသည်များကို မိမိတို့ ဌာနေနိုင်ငံကို ပြန်ပို့မယ့်အကြောင်း ထိုင်းအမျိုးသားလုံခြုံရေးကောင်စီက ထပ်မံပြောဆိုလာပြန်ပါပြီ၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ပြန်မပို့သင့်သေးကြောင်း၊ ထိုင်းနိုင်ငံအနေနဲ့ အနှစ် ၂၀ နီးပါ ကူညီစောင့်ရှောက်လာခဲ့တဲ့ အကျင်နာတရားထားမှုတွေကို ဆက်လက်ကျင်နာပေးကြဖို့၊ မကြာတော့တဲ့ကာလမှာ ဒီပြဿနာတွေပြေလည်သွားတော့မှာဖြစ်တယ်လို့ ထိုင်းနိုင်ငံထုတ် The Nation သတင်း စာက ဝေဖန်ရေးသားသတိပေးလိုက်ပါတယ်၊ (The Nation 22 June , 2011)

## နာဂစ်ဒေသ အိန္ဒိယ ဒေါ်လာ ၁၀ သန်းလှူ

နာဂစ်မုန်တိုင်းဒဏ်ခံဒေသရှိ လယ်သမားများ ပြန်လည်အလုပ်လုပ်နိုင်ရေး အထောက်အကူအဖြစ် အမေရိကန်ဒေါ်လာ ၁၀ သန်းကို အိန္ဒိယအစိုးရက ကူညီထောက်ပံ့ပေးမယ်လို့ ဆိုပါတယ်။ လူထုလက်ထဲ တိုက်ရိုက်ရောက်ပါစေ။

လယ်သမားတွေအတွက် လိုအပ်တဲ့ အသုံးအဆောင်ပစ္စည်းတွေကို မိမိတို့ နိုင်ငံက ဝယ်ယူနိုင်အောင်လည်း စီစဉ်ပေးမယ့်အကြောင်း S.M. Krishna က ဦးဝဏ္ဏမောင်လွင်ကို ပြောဆိုတယ်လို့သိရပါတယ်။

မြန်မာနိုင်ငံမှာ ပြည်တွင်းထွက်ကုန်ရဲ့ ၄၃ ရာခိုင်နှုန်းဟာ လယ်ယာကဏ္ဍကရရှိနေတာဖြစ်ပါတယ်။ (IANS- 22 June , 2011)

## အိန္ဒိယ မြန်မာဆက်ဆံရေး

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး S M Krishna နေပြည်တော်ကို ရောက်ခိုက် နအဖစစ်ဗိုလ်ချုပ်တွေက အိန္ဒိယဗဟိုအစိုးရကို တော်လှန်တိုက်ခိုက်နေတဲ့ သူပုန်အဖွဲ့အစည်းတွေ မြန်မာမြေပေါ်မှာမရှိကြောင်း ပြောဆိုလိုက်ပါတယ်။

အိန္ဒိယကသဲသူပုန်တွေဟာ အိန္ဒိယ မြန်မာနယ်စပ် မြန်မာနိုင်ငံပိုင်နက်ကို ခြေကုတ်ယူပြီး အိန္ဒိယဗဟိုအစိုးရတော်လှန်နေတာ နှစ်ပေါင်းများစွာ ရှိနေခဲ့တာပါ။

ဒါအပြင် နှစ်နိုင်ငံခေါင်းဆောင်များဟာ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်းတည်ငြိမ်ရေးစတဲ့ နှစ်နိုင်ငံကူး လူးဆက်ဆံရေးတွေကို လည်း ဆွေးနွေးခဲ့တယ်လို့ဆိုပါတယ်။ (PTI 20 June , 2011)

# မြန်မာ့ဒီမိုကရေစီရေးထက် စီးပွားရေးကိစ္စ အိန္ဒိယ ဦးစားပေး

**VOA | ၂၅ | ၂၁ ။** ။ မြန်မာနိုင်ငံမှာ ရောက်နေတဲ့ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး S.M Krishna ဟာ မြန်မာ့ ထိပ်တန်းခေါင်းဆောင်တွေနဲ့ တွေ့ဆုံဖို့ရှိပြီး လုံခြုံရေးနဲ့ကုန်သွယ်ရေးကိစ္စတွေကို အလေးထားပြီး ဆွေးနွေးဖွယ်ရှိပါတယ်။ မြန်မာနိုင်ငံမှာ အရပ်ဘက် အစိုးရဖြစ်ပြီးတဲ့နောက် အိန္ဒိယအစိုးရအနေနဲ့ မြန်မာနိုင်ငံကို ပထမဆုံးလာရောက်တဲ့ ခရီးစဉ်လည်း ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ဗွီအိုအေသတင်းထောက် Daniel Schearf ပေးပို့ထားတဲ့သတင်းကို အခြေခံပြီး အိန္ဒိယ၊ မြန်မာနှစ်နိုင်ငံ စီးပွားရေးနဲ့ကုန်သွယ်မှု ဆက်ဆံရေးကိစ္စတွေကို ကိုသားညွန့်ဦးက စုံစမ်းမေးမြန်းပြီး တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံမှာအရပ်ဘက်အစိုးရတက်လာပြီးတဲ့နောက်အိန္ဒိယအစိုးရပိုင်း အနေနဲ့ပထမဆုံးအဖြစ် အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီး အက်စ်အမ်ခရစ်ရှ်နားရဲ့ခရီးစဉ်အတွင်းမှာ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနဲ့ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေအတွက် နှစ်ဘက်ဆွေးနွေးကြမယ်လို့ အိန္ဒိယနိုင်ငံဘက်က ထုတ်ပြန်ထားပါတယ်။

အိန္ဒိယနိုင်ငံဟာမြန်မာ့ဒီမိုကရေစီရေးနဲ့မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို အရင်တုန်းက ကျယ်ကျယ်လောင်လောင် ထောက်ခံပြောခဲ့ပေမဲ့ နောက်ပိုင်းမှာတော့ မူဝါဒပြောင်းပြီးတော့ မြန်မာစစ်အစိုးရနဲ့ ဆက်ဆံရေးပိုကောင်းမှုကို အလေးပေးခဲ့ပါတယ်။ ဒါကြောင့် အခုခရီးစဉ်အတွင်းမှာလည်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဟာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင် ဆန်းစုကြည်ကို တွေ့ဆုံဖို့ အစီအစဉ် မလုပ်ထားပါဘူး။

အိန္ဒိယနိုင်ငံက အခုလို မြန်မာအပေါ်မှာ မူဝါဒပြောင်းရေးစဉ်းစားတဲ့နေရာမှာ စီးပွားရေးကိစ္စ၊ ကုန်သွယ်ရေးကိစ္စဟာ တချက်အပါအဝင်ဖြစ်တယ်လို့ လေ့လာသူတွေက ယူဆပါတယ်။ မြန်မာ့စီးပွားရေးလေ့လာသူ ဒေါက်တာ ဇော်ဦးကတော့ အိန္ဒိယအနေနဲ့ ဒေသတွင်း စီးပွားရေး ပြိုင်ဆိုင်မှုမှာ မြန်မာနိုင်ငံရဲ့တည်ဆဲအစိုးရနဲ့ ဆက်ဆံရေးပြေပြစ်မှုဖြစ်မယ်လို့ ယူဆခဲ့ပုံရတယ်လို့ သူက ပြောပါတယ်။

"အိန္ဒိယနိုင်ငံကတော့မြန်မာနိုင်ငံကိုကြည့်တဲ့အခါမှာမြန်မာနိုင်ငံနဲ့ဆက်စပ်နေတဲ့ အရှေ့တောင်အာရှ စီးပွားရေးနယ် ပယ်ထဲကိုသူတို့ဘယ်လို မြန်မာနိုင်ငံကတဆင့် ဝင်နိုင်မလဲဆိုတဲ့ကိစ္စတွေပြီးတော့ မြန်မာနိုင်ငံမှာ အလွယ်တကူရနိုင်တဲ့ သဘာဝအရင်းအမြစ်နဲ့ ပတ်သက်ပြီးတော့ သူတို့စိတ်ဝင်စားမှုတွေ၊ နောက် အရေးကြီးဆုံးကတော့ ကျနော့်စိတ်ထင် ကျနော်တို့ရဲ့အိမ်နီးနားချင်း နိုင်ငံတခုဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့လည်း မြန်မာနိုင်ငံဟာ ပိုမိုကုန်သွယ်ရေးဆက်ဆံမှုတွေ တိုးချဲ့လုပ်လာတဲ့အခါမှာ အိန္ဒိယကလည်း စဉ်းစားမှုတွေရှိလိမ့်မယ်လို့ ခန့်မှန်းလို့ ရပါတယ်။"

တရုတ်နိုင်ငံက ကျောက်ဖြူဘက်မှာ ဆိပ်ကမ်းတခုဆောက်ဖို့ စီမံချက်လုပ်နေတဲ့ အချိန်မှာပဲ အိန္ဒိယဘက်ကလည်း စစ်တွေဘက်မှာ လုပ်ဖို့ကြိုးပမ်းနေတယ်လို့ ကြားရပါတယ်။ အဲဒါကရော အခြေအနေ ဘယ်လောက်အထိ ရှိပါသလဲ။

"နောက်ဆုံးအခြေအနေကိုတော့ ကျနော် မပြောနိုင်ဘူးပေါ့။ ဒါပေမဲ့လည်း ရေရှည်အတွက် ကြည့်မယ်ဆိုရင်တော့ အိန္ဒိယနိုင်ငံကလည်း တရုတ်နိုင်ငံနဲ့ အပြိုင် လုပ်ဆောင်လာတဲ့အပိုင်းတွေ ရှိတယ်။ ကျနော်တို့ကလည်း ဒီနေရာမှာ အမြင်ကျယ်ကျယ်နဲ့ ကျနော်တို့ အိမ်နီးနားချင်းနိုင်ငံ၊ အထူးသဖြင့် ကမ္ဘာပေါ်မှာလည်း စီးပွားရေးအရ အင်မတန်အင်အားကြီးတဲ့ နိုင်ငံကြီး ၂ ခုကြားမှာ ဆောင်ရွက်တဲ့အခါနိုင်ငံ ၂ ခုစလုံးနဲ့ ပိုမိုတွဲဖက် ဆက်ဆံဆောင်ရွက်ဖို့လိုတယ်။ အဲဒီတော့ တရုတ်နိုင်ငံနဲ့ တိုးချဲ့လုပ်လာရင် အိန္ဒိယနိုင်ငံကိုလည်း တိုးချဲ့လုပ်ဖို့ဆိုတဲ့ စဉ်းစားချက်တွေ ကျနော်တို့ဘက်က စဉ်းစားဖို့လိုမယ်လို့ ထင်ပါတယ်။"

အိန္ဒိယက အခုလို မြန်မာတည်ဆဲအစိုးရနဲ့ ဆက်ဆံရေးပြေပြစ်အောင်ကြိုးပမ်းတဲ့နေရာမှာ စီးပွားရေးကိစ္စအပြင် လုံခြုံရေးကိစ္စရပ်ကိုလည်း ထည့်တွက်ထားတယ်လို့ ယူဆမှုရှိပါတယ်။ စင်ကာပူနိုင်ငံ အရှေ့တောင်အာရှ လေ့လာရေးဌာနက ပါမောက္ခ D.S. Muni ကတော့ အိန္ဒိယအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားမှုတွေကိုဆက်ပြီးတော့ ထောက်ခံနေမယ်ဆိုရင် သူ့အတွက် လုံခြုံရေးအန္တရာယ်ပါ ရှိတယ်လို့ ပြောပါတယ်။

"အိန္ဒိယဘက်က မူဝါဒ ပြောင်းလိုက်တာကြောင့် နယ်စပ်ဒေသတလျှောက် အတော်လေး ပူးပေါင်း ဆောင်ရွက်မှုတွေ ရလာပါတယ်။ အစောပိုင်းတုန်းက အိန္ဒိယအရှေ့မြောက်ပိုင်း သူပုန်တွေဟာ မြန်မာနိုင်ငံထဲမှာ ခိုလှုံလှုပ်ရှားခဲ့ကြပါတယ်။"

အခုလို ပူးပေါင်းဆောင်ရွက်တယ်ဆိုတာတောင်မှ အိန္ဒိယနိုင်ငံအနေနဲ့မြန်မာနယ်စပ်က လုံခြုံရေးအခြေအနေကို သိပ်ပြီးတော့ ကျေနပ် အားရလှတာ မဟုတ်ဘူးလို့ပါမောက္ခမူနီက ပြောပါတယ်။ဒါကြောင့် အခု အစိုးရသစ်အောက်မှာ နယ်စပ် လုံခြုံရေးကိစ္စ ပိုပြီးတော့ တိုးတက်လာဖို့ မျှော်လင့်ထားတယ်လို့ဆိုပါတယ်။ တချိန်တည်းမှာပဲဒေသတွင်းက တရုတ်ရေတပ်ရဲ့လှုပ်ရှားမှုတွေနဲ့ ပတ်သက်လို့အိန္ဒိယဘက်က စိုးရိမ်မှု ရှိတယ်လို့လည်း ပြောပါတယ်။

"မကြာခင်ကဆိုရင် တရုတ်သင်္ဘော ၂ စင်း သွားရောက်လည်ပတ်ခဲ့တာရှိပါတယ်။ အခုဆိုရင် တရုတ်သင်္ဘော ၁ စင်းဟာစင်ကာပူကို ဦးတည်သွားနေပါတယ်။ သီရိလင်္ကာမှာလည်း တရုတ်က ဆိပ်ကမ်း တည်ဆောက်နေတာရှိပါတယ်။ ဘင်္ဂလားဒေ့ရှ် စစ်တကောင်းမှာလည်းတရုတ်ရဲ့ ဆိပ်ကမ်း စီမံချက်တွေရှိပါတယ်။ အခုလို ရေတပ်လှုပ်ရှားမှုတွေကြောင့် ဘင်္ဂလားပင်လယ်အော် ဒေသ လုံခြုံရေးအတွက် စိုးရိမ်စရာအဆင့် ရောက်လာပါတယ်။"

အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာ့ဒီမိုကရေစီရေးအတွက် ပွင့်ပွင့်လင်းလင်း ဖိအားပေးပြောဆိုတာတွေ မရှိပေမဲ့လည်း တိုးတိုးတိတ်တိတ်နဲ့ ဖျောင်းဖျ နားချတာမျိုးတော့ လုပ်နေပါတယ်လို့လည်း ပါမောက္ခ မူနီက ပြောဆိုသွားပါတယ်။


**အချုပ်အချာ အာဏာကို**
**ပြည်သူသာ ပိုင်ရမည်**

# ပြည်တွင်းစစ် ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တိုက်တွန်း

**RFA ၊ ဂျွန် ၂၀ ။** ။ ပြည်တွင်းစစ်မီးတောက်လောင်နေတဲ့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ ကရင်ပြည်နယ်မှာ သက်ဆိုင်သူအားလုံး ပါဝင်ဆွေးနွေးပြီး ငြိမ်းချမ်းရေးပြန်လည်တည်ဆောက်ဖို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဒီကနေ့ ကြေညာချက်ထုတ်ပြီး တိုက်တွန်းလိုက်ပါတယ်။

ဒ့ါအပြင် ဒီနယ်မြေတွေမှာ အကျိုးစီးပွားဖြစ်နေကြသူတွေလည်း ဒေသငြိမ်းချမ်းရေးအတွက် ဝိုင်းဝန်းကူညီကြဖို့ NLD က မေတ္တာရပ်ခံလိုက်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က RFA ကို အခုလိုပြောပါတယ်။

"ကျနော်တို့ရဲ့အခြေခံမူက မတူကွဲပြားမှုတွေကို တယောက်နဲ့တယောက် အပြန်အလှန်လေးစားခြင်း တန်းတူရည်တူအခွင့်အရေးတွေရှိတယ်ဆိုတာကို အသိအမှတ်ပြုပြီးတော့စိတ်စေတနာမှန် ကန်စွာနဲ့သာ တွေ့ဆုံဆွေးနွေးညှိနှိုင်းဖြေရှင်းမယ်ဆိုရင် ပြေလည်မယ်လို့ယုံကြည်ပါတယ်။ ဒါ အဖွဲ့ချုပ်ရဲ့ အခြေခံမူစတည်ထား ကထဲက ဒီအပေါ်မှာ ကျနော်တို့ကရပ်တည် ထားတာပါ။ အခုပြဿနာတွေကိုလည်း တဦးနဲ့တဦး တဖက်နဲ့တဖက်မတူကွဲပြားတဲ့ သဘောထားတွေ ရှိနိုင်တာပေ့ါ။ အဲလိုရှိတာကို တယောက်နဲ့တယောက် အပြန်အလှန်လေးစားရေး၊ အပြန်အလှန်နား လည်မှုရှိရေးမူကိုအခြေခံပြီးတော့ အကုန်လုံးပြေလည်ဖို့အတွက် စိတ်ရှည်လက်ရှည်နဲ့ ကာယကံရှင်တွေကိုယ်တိုင်ကလည်း စေ့စပ်ဆွေးနွေးကြပါလို့ တိုက်တွန်းပါတယ်။ နောက်ပြီးတော့ အကျိုးစီးပွါးထပ်တူရှိနေတယ်လို့ယူဆရတဲ့ သက်ဆိုင် သူအားလုံးကလည်း ဝိုင်းဝန်းကူညီကြ ပါလို့ မေတ္တာရပ်ခံထားတာဖြစ်ပါတယ် ။"

မနေ့က ဖွန်လ ၁၉ ရက်နေ့ ညနေမှာကျင်းပခဲ့တဲ့ NLD ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးရဲ့ ဆုံးဖြတ်ချက်နဲ့ ဒီကြေညာချက်ကိုထုတ်ပြန်လိုက်တာပါ။ **စာမျက်နှာ ၁၆ သို့**

**စာမျက်နှာ ၁၆ သို့**

**ပြက္ခဒိန်မှ**

**ဂျွန် ၂၂၊ STOCKHOLM ။ ။** မေလတွင် မြန်မာကုန်သွယ်ရေးနှင့် လုပ်ငန်းအဖွဲ့ ဆွီဒင်တွင် ဆွေးနွေးခဲ့ကြောင်း ဆွီဒင်မှဆို၏။

**ဂျွန် ၂၂၊ DVB ။ ။** ကချင်ပြည်နယ်တွင်ဂျွန် ၁၀ မှ ၁၉ အတွင်း ကချင်အမျိုးသမီး အနည်းဆုံး ၁၈ ဦး မုဒိန်းကျင့်ခံရပြီး ထိုအထဲမှ တဦးသေဆုံး ၄ ဦးအသတ်ခံခဲ့ရပြီး စုစုပေါင်းအမျိုးသမီး ၃၀ ခန့် အဓမ္မပြုကျင့်ခံခဲ့ရကြောင်း။

**ဂျွန် ၂၂၊ DVB ။ ။** ဂျွန် ၁၂ မှစ၍ ကရင်ပြည်နယ်ခြားတပ်မှ စစ်သည် ၁၀၀၀ ခန့်သည် ဒီကေဘီအေနှင့်ကေအင်ယူတို့ သို့ ပြန်ဝင်ခဲ့၏။

**ဂျွန် ၂၂၊ DVB ။ ။** မြန်မာတပ်များ ကေအင်ယူနှင့် ဒီကေဘီအေတပ်စခန်းများသို့ ချဉ်းကပ်လာ၍ မဟာမိတ် ကေအင်အဲလ်အေမှ စစ်ကူတပ်များလာနေ၏။

**ဂျွန် ၂၂၊ IBNL ။ ။** အိန္ဒိယမှ Krishna သည် မြန်မာခရီးစဉ်အဆုံးသတ်ပြီး မြန်မာသမတ ဦးသိန်းစိန် အိန္ဒိယသို့ လာမည်။

**ဂျွန် ၂၂၊ Irrawaddy ။ ။** မြန်မာတပ်နှင့် ကချင်တပ်များ ပစ်ခတ်မှုစဲသွားသော်လည်း မြစ်ကြီးနားတွင် ဗုံးပေါက်ကွဲမှုများ ဆက်လက်ဖြစ်ပွားနေကြောင်း။

**ဂျွန် ၂၃၊ Irrawaddy။ ။** ကေအိုင်အေသည် အပစ်အခတ်ရပ်စဲရန် အသင့်ဖြစ်သော်လည်း မြန်မာတပ်သည် တတိယအဖွဲ့ မှ ပြောရန်လိုကြောင်းဖြင့်ဆို၏။

**ဂျွန် ၂၃၊ DVB ။ ။** မြန်မာပြည်မြောက်ပိုင်းရှိ ကြေးမိုင်းကို ရောင်းလိုက်ခြင်းဖြင့် ကနေဒါမှ အိုင်ဗင်ဟို သတ္တုတူးဖေါ်ရေးသည် မိမိပိုင်ပစ္စည်းများကိုဝယ်သူ တရုတ်လက်နက်လုပ်ငန်းလက်ထဲသို့ ပို့ခဲ့ခြင်းဖြစ်နိုင်ကြောင်း ကနေဒါမှ မြန်မာ့မိတ်ဆွေများအဖွဲ့ (CFOB) မှဆို၏။

**ဂျွန် ၂၃၊ ND-AFP ။ ။** မြန်မာရောက် အိန္ဒိယနိုင်ငံခြားရေးတာဝန်ခံ Nirupama Rao သည် ဒေါ်အောင်ဆန်းစုကြည်နှင့် ခေတ္တတွေ့ ဆုံခဲ့ကြောင်း။

**ဂျွန် ၂၃၊ Pretoria News ။ ။** Johannesburg တက္ကသိုလ်သည် ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ထူးဆောင်ဘွဲ့ Doctor Litterarum et Philosophiae (Honoris Causa) အပ်နှင်းမည်။

**ဂျွန် ၂၃၊ WTN-UPI ။ ။** မြန်မာအစိုးရသည် ဒီမိုကရေစီကို တကယ်ဘဲလိုလားရဲ့လားဟု သက်ဝင်သည့် အမေရိကန်လွှတ်တော်သို့ ပေးပို့သည့် ဗွီဒီယိုတိတ်တွင် ဒေါ်အောင်ဆန်းစုကြည်မှ စောကြော၏။

**ဂျွန် ၂၃၊ Straits Times ။ ။** မြန်မာတွင် အားတက်စရာများကြားခဲ့ရကြောင်းနှင့် လက်တွေ့လုပ်ပြရန်လိုကြောင်း မြန်မာရောက် ဥရောပသမဂ္ဂအဖွဲ့မှဆို၏။

**ဂျွန် ၂၃၊ Bernama News) ။ ။** ကြံသကာစိုက်ခင်းမှ ဖမ်းမိခဲ့သော တရားမဝင် မြန်မာလုပ်သား ၂၁ ဦးတွင် ခလေး ၂ ဦးပါ ကြောင်း။

**ဂျွန် ၂၃၊ Times of India ။** အကြမ်းမဖက်ငြိမ်းချမ်းစွာဆန္ဒပြရေး အောင်မြင်ရန်အတွက် လက်ရှိအစိုးရသည်လည်း ကိုယ်ကျင့်တရားကောင်းသည့် အစိုးရဖြစ်ဖို့ လိုသေးသည်ဟု Vikram Sinha မှ မြန်မာနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ၏ နိုင်ငံရေးအပြောင်းအလဲမရှိမှုအပေါ် ဝေဖန်သုံးသပ်၏။

**ဂျွန် ၂၃၊ WTN ။ ။** နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော်လွှတ်မြောက်ပြီး မြန်မာနိုင်ငံရေးတွင် ပါဝင်နိုင်ရေးနှင့် မြန်မာတွင် လူ့ အခွင့်အရေးဖေါက်ဖျက်မှုများကို ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ စုံစမ်းစစ်ဆေးရေးကို အကောင်အထည်ဖေါ်စေရေး အမေရိကန်မှကြိုးပမ်းရန် အမေရိကန်အောက်လွှတ်တော် နိုင်ငံခြားရေးရာ ဌာန၏ အာရှနှင့်ပစိဖိတ်ဆပ်ကော်မတီသို့ ဒေါ်အောင်ဆန်းစုကြည်မှ ဗွီဒီယိုတိတ်ဖြင့်တိုက်တွန်း၏။

**ဂျွန် ၂၄၊ RGN-AP ။ ။** ယနေ့ နေပြည်တော်၊ မန္တလေးနှင့်မေမြို့တို့ တွင် ဗုံးတလုံးစီပေါက်ကွဲခဲ့ကြောင်း။

**ဂျွန် ၂၄၊ Irrawaddy ။ ။** ရုရှ၏ မြောက်ကိုးရီးယားဆိုင်ရာ အနုမြူစွမ်းအားအဖွဲ့ ခေါင်းဆောင် ရုရှားဒုနိုင်ငံခြားရေးဝန်ကြီး Alexey Borodavkin သည် နေပြည်တော်ရှိ ရုရှအဖွဲ့သို့ ရောက်လာကြောင်း မြန်မာအသံမှဆို၏။

**ဂျွန် ၂၄၊ Mizzima ။ ။** မြန်မာတွင် မြို့နယ်အာဏာရှိများသည် ကြံ့ဖွံ့ဝင်များအား ရပ်ကွက်နှင့်ရွာလူကြီးများအဖြစ် ခန့်အပ်နေ၍ လူထုမှ မကျေမနပ် ဖြစ်နေ၏။

**ဂျွန် ၂၄၊ The Hindu ။ ။** မြန်မာအပေါ် ဟန်ဆောင်(ဆက်ဆံ) ခြင်းများ၊ ဂန္ဒီ၏ငြိမ်းချမ်းစွာ လှုပ်ရှားမှုနည်းကိုကျင့်သုံးသူ ဒေါ်အောင်ဆန်းစုကြည်ဖက်မှ ခွဲခွါခြင်းများကို ရပ်ဆိုင်းသင့်ကြောင်း သတင်းစာအာဘော်မှ အိန္ဒိယအစိုးရသို့ တိုက်တွန်း၏။

**ဂျွန် ၂၅၊ Japan Times ။ ။** မြန်မာသည် မိမိအား ဒေါ်အောင်ဆန်းစုကြည်နှင့် ရှေ့အပတ်အတွင်း တွေ့ခွင့်ပြုထားကြောင်း ပါလီမန် ဒုနိုင်ငံခြားရေးဝန်ကြီး မကိကို ကိကုတာမှ ယနေ့ဆိုကြောင်း ကျိုတိုသတင်းမှဆို၏။

**ဂျွန် ၂၅၊ BBC ။ ။** ပြည်တွင်းဗုံးပေါက်ကွဲမှုများကြောင့် ဒေါ်အောင်ဆန်းစုကြည်၏ နယ်လှည့်ရန်ခရီးစဉ်များကို ထိခိုက်နိုင်ကြောင်း၊ ပြည်တွင်းပြည်ပ အစိုးရပိုင်းများ လူထုနှင့် အဖွဲ့ပေါင်းစုံမှ စိုးရိမ်နေ၏။

# နယ်စပ်အရေး ဆွေးနွေးအဖြေရှာဖို့ အမျိုးသားဒီမိုကရေစီတိုက်တွန်းတောင်းဆို

**RFA | ဂျွန် ၂၀ ။** ။ ပြည်တွင်းစစ်မီး တောက်လောင်နေတဲ့ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ကရင် ပြည်နယ်မှာ သက်ဆိုင်သူအားလုံး ပါဝင်ဆွေးနွေးပြီး ငြိမ်းချမ်းရေး ပြန်လည်တည်ဆောက်ဖို့အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ဒီကနေ့ကြေညာချက် ထုတ်ပြီး တိုက်တွန်းလိုက်ပါတယ်။

ဒါ့အပြင် ဒီနယ်မြေတွေမှာ အကျိုးစီးပွါး ဖြစ်နေကြသူတွေလည်း ဒေသ ငြိမ်းချမ်းရေးအတွက် ဝိုင်းဝန်းကူညီကြဖို့ NLD က မေတ္တာရပ်ခံလိုက်ပါတယ်။ဒီကိစ္စနဲ့ပတ်သက်လို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံဦးအုန်းကြိုင်က RFA ကို အခုလို ပြောပါတယ်။

“ကျနော်တို့ရဲ့အခြေခံမူက မတူကွဲပြားမှုတွေကို တယောက်နဲ့တယောက် အပြန်အလှန်လေးစားခြင်း၊ တန်းတူ ရည်တူ အခွင့်အရေးတွေရှိတယ်ဆိုတာကို အသိအမှတ်ပြုပြီးတော့ စိတ်စေတနာမှန်ကန်စွာနဲ့သာ တွေ့ဆုံဆွေးနွေးညှိနှိုင်း ဖြေရှင်းမယ်ဆိုရင် ပြေလည်မယ်လို့ ယုံကြည်ပါတယ်။ ဒါ အဖွဲ့ချုပ်ရဲ့ အခြေခံမူ စတည်ထားကထဲက ဒီအပေါ်မှာ ကျနော်တို့ကရပ်တည်ထားတာပါ။ အခု ပြဿနာတွေကိုလည်း တဦးနဲ့တဦး တဖက်နဲ့ တဖက် မတူကွဲပြားတဲ့ သဘောထားတွေ ရှိနိုင်တာပေါ့။ အဲလိုရှိတာကို တယောက်နဲ့တယောက် အပြန်အလှန်လေးစားရေး၊ အပြန်အလှန်နားလည်မှုရှိရေးမူကို အခြေခံပြီးတော့ အကုန်လုံးပြေလည်ဖို့အတွက် စိတ်ရှည်လက်ရှည်နဲ့ ကာယကံရှင်တွေ ကိုယ်တိုင်ကလည်း စေ့စပ်ဆွေးနွေးကြပါလို့ တိုက်တွန်းပါတယ်။ နောက်ပြီးတော့ အကျိုးစီးပွါး ထပ်တူရှိနေတယ်လို့ယူဆရတဲ့ သက်ဆိုင်သူအားလုံးကလည်း ဝိုင်းဝန်းကူညီကြပါလို့ မေတ္တာရပ်ခံထားတာဖြစ်ပါတယ်။”

မနေ့က ဇွန်လ ၁၉ ရက်နေ့ ညနေမှာ ကျင်းပခဲ့တဲ့ NLD ဗဟို အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးရဲ့ ဆုံးဖြတ်ချက်နဲ့ ဒီကြေညာချက်ကို ထုတ်ပြန်လိုက်တာပါ။

ဒီထဲမှာ ကရင် ပြည်နယ်မှာ ဆယ်စုနှစ်များစွာ တောက်လျှောက်ဖြစ်နေတဲ့ စစ်ပွဲတွေကြောင့် အိမ်နီးချင်းထိုင်းနိုင်ငံကို ထွက်ပြေးခိုလှုံနေရတဲ့ တိုင်းရင်းသားပြည်သူတွေရဲ့ ဒုက္ခ၊ အခုတခါ ကချင်ပြည်နယ်က စစ်ပွဲတွေကြောင့် အိမ်နီးချင်းတရုတ်နိုင်ငံကို ထွက်ပြေးနေရတဲ့ ပြည်သူတွေရဲ့ဒုက္ခတွေကို ကြားသိနေရတဲ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် အနေနဲ့ အလွန် စိတ်မကောင်းဖြစ်ရတယ်လို့ လည်း ဖော်ပြထားပါတယ်။

ဒါကြောင့် ပြည်တွင်းစစ်ဒဏ်ခံနေရတဲ့ပြည်သူတွေရဲ့ဒုက္ခတွေ အမြန်ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေး အဖြေရှာဖို့ တိုက်တွန်း မေတ္တာရပ်ခံရတာလို့ ဖော်ပြထားပါတယ်။

## ကြံ့ဖွံ့ကိုတရားစွဲ ဒေါ်ချိုချိုငြိမ်း ရှုံးနိမ့်

**Mizzima | ဂျွန် ၂၀ ။** ။ ကြံ့ဖွံ့ပါတီဝင်နှင့် အမှုတွင် ရှုံးနိမ့်ခဲ့သည့် ဒီမိုကရက်တစ်ပါတီ (မြန်မာ)မှ ဒေါ်ချိုချိုကျော်ငြိမ်းက တရားရုံး ဆုံးဖြတ်ချက်များ အကြောင်း သတင်းစာရှင်းလင်းပွဲတခုကို လာမည့် သောကြာနေ့မွန်းလွဲ ၁ နာရီတွင် ပါတီရုံးတည်ရာ ဗိုလ်တထောင်မြို့နယ် ၅၂ လမ်းတွင် ပြုလုပ်သွားမည်ဟု ဒေါ်ချိုချိုကျော်ငြိမ်းက ပြောသည်။

နေပြည်တော်တရားရုံး က ဇွန်လ ၂၀ ရက်နေ့က ကြံ့ဖွံ့အမတ်ကို အနိုင်ပေးဆုံး ဖြတ်ခဲ့ခြင်းကို မတရားဆုံးဖြတ်ခဲ့ခြင်းဟုလည်း ဒေါ်ချိုချိုကျော်ငြိမ်းက စွပ်စွဲပြောဆိုသည်။

“မတရားသဖြင့် ဆုံးဖြတ်တယ်ဆိုတာကို သိသိနဲ့ခံရတာပေါ့။ အန်တီတို့ နောက်ထပ်ဘာတွေ ဆက်လုပ်ဖြစ်မယ်ဆိုတာကို စဉ်းစားနေကြဆဲပါ။ ဆုံးဖြတ်ချက်အပေါ်မှာတော့ အံ့သြမိတယ်” ဟု သူက ဆိုသည်။

၂၀၁၀ ရွေးကောက်ပွဲ ကြို့ပင်ကောက်မြို့နယ်မှ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ပြိုင်ဖက်ကြံ့ဖွံ့ပါတီဦးသန့်ဇင်မှ မဲမသမာမှုနှင့် အနိုင်ယူခဲ့ကြောင်း ဒေါ်ချိုချိုကျော်ငြိမ်းက ရွေးကောက်ပွဲကော်မရှင်တွင် တင်ပြခဲ့ရာက အမှုရင်ဆိုင်ခဲ့ကြသည်။

အမှုရှုံးခြင်းကြောင့် ဦးသန့်ဇင်ဘက်မှ ကုန်ကျခဲ့သော တရားစရိတ် ၅ သိန်းကို ဒေါ်ချိုချိုကျော်ငြိမ်းက ပေးဆောင်ရမည်ဖြစ်ပြီး ဒေါ်ချိုချိုကျော်ငြိမ်းဘက်မှ ပြန်လည်ကာ တရားရုံးသို့ ပြင်ဆင်ခွင့် ပြန်တင် လိုပါက ရက် ၃၀ အတွင်း တင်နိုင်ပြီး ယင်းအတွက် ငွေကျပ် ၁၀ သိန်းကို ပေးသွင်းရမည်ဖြစ်သည်။

## အသင်းဖွဲ့စည်းရေး ILO တိုက်တွန်း

**RFA | ဂျွန် ၁၇ ။** ။ မြန်မာနိုင်ငံမှာ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခွင့်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းရေးအတွက် အမြန်ဆုံးအကောင်အထည်ဖော်ဖို့ ILO က မြန်မာအစိုးရကို တိုက်တွန်းလိုက်ပါတယ်။

ဒါ့ပြင် အဓမ္မ လုပ်အားပေး ခိုင်းစေမှုတွေပပျောက်သွားဖို့အတွက် မြန်မာအစိုးရကို အချိန် ၁၂ လ သက်တမ်းတိုးပေးလိုက်ကြောင်းလည်း အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ် ILO က ဇွန်လ ၁၆ ရက်နေ့စွဲနဲ့ထုတ်ပြန်တဲ့ဆုံးဖြတ်ချက်မှာပါရှိပါတယ်။

မြန်မာအစိုးရဟာ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းမယ်လို့ ကတိပေးနေပေမယ့် ILO အနေနဲ့ကတော့ လာမယ့်နိုဝင်ဘာလအထိသာ အချိန်ပေးထားကြောင်း ILO ရဲ့ အကြိမ် ၁၀၀ မြောက်ညီလာခံမှာတက်ရောက်နေတဲ့ မြန်မာနိုင်ငံအလုပ်သမား သမဂ္ဂများအဖွဲ့ချုပ် FTUB ကိုယ်စားလှယ် ဦးဇာနည်သွေးက ပြောပြပါတယ်။

“လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ အတိအကျထည့်သွင်းဖော်ပြဖို့ ဒီဥပဒေကို အတိအကျလေးစားလိုက်နာဖို့ လွတ်လပ်တဲ့အလုပ်သမားသမဂ္ဂတွေ ဖွဲ့စည်းနိုင်ခွင့်ကိုလည်း တိတိကျကျထုတ်ပြန်ဖြန့်ဝေဖို့နဲ့ အဲဒီ တိုးတက်မှုအခြေအနေတွေကို လာမယ့်နိုဝင်ဘာလမှာကျင်းပမယ့် အုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးမှာ တင်ပြရမှာဖြစ်ပါတယ်”

အလုပ်သမားအခွင့်အရေးချိုးဖောက်မှု ကလေးစစ်သားစုဆောင်းမှုနဲ့ တောင်သူလယ်သမားတွေရဲ့ မကျေနပ်မှုတွေကိုလည်း ရန်ကုန်အခြေစိုက် ILO ရုံးကို လွတ်လပ်စွာတိုင်ကြားခွင့် ရှိရမယ်ဆိုပြီး ILO ရဲ့ အစီရင်ခံစာမှာ ပါရှိပါတယ်။

# အစိုးရသစ်အနေနဲ့ ကတိအတိုင်း ပြုပြင်ပြောင်းလဲရေးလုပ်ရန် အီးယူပြောကြား

**DVB၊ ဇွန် ၂၄။** ။ အစိုးရသစ်အနေနဲ့ နိုင်ငံတကာအပါအဝင် ပြည်သူလူထုကိုပေးထားတဲ့ကတိတွေအတိုင်းပြုပြင်ပြောင်းလဲရေးကိုလက်တွေ့လုပ်ဆောင်ဖို့လိုတယ်လို့ အီးယူ ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့က ပြောကြားလိုက်ပါတယ်။

ဒီလ ၂၂ ရက်နေ့က ရန်ကုန် အီတလီသံရုံးမှာလုပ်တဲ့ မြန်မာပြည်ခရီးစဉ်နဲ့ပတ်သက်ပြီး ကန့်သတ်ခေါ်ယူခဲ့တဲ့ သတင်း စာရှင်းလင်းပွဲမှာ ကိုယ်စားလှယ်တွေက ပြောကြားလိုက်တာဖြစ်တယ်လို့ ရန်ကုန်က လာတဲ့ အေဂျင်စီသတင်းတွေမှာ ဖော်ပြကြပါတယ်။

ဒီသတင်းစာရှင်းလင်းပွဲမတိုင်ခင်မှာလည်း နိုင်ငံရေးပါတီခေါင်းဆောင်အချို့နဲ့ကိုယ်စားလှယ်အဖွဲ့တွေဆုံခဲ့ပြီး သမတသစ်ဖြစ်လာတဲ့ဦးသိန်းစိန်မိန့်ခွန်းတွေနဲ့ပတ်သက်ပြီး အစိုးရသစ်အနေနဲ့ ဘယ်လောက်အထိ အကောင်အထည်ဖော်ဆောင်နိုင်မလဲ ဆိုတာဆွေးနွေးခဲ့ကြသေးတယ်လို့ ပါဝင်ဆွေးနွေးခဲ့တဲ့ အမျိုးသားဒီမိုကရေစီအင်အားစုပါတီရဲ့ ခေါင်းဆောင် တဦးဖြစ်တဲ့ ဦးခင်မောင်ဆွေက အခုလိုပြောပါတယ်။

"သူတို့က သိချင်တာတွေ မေးတဲ့အဆင့်ပါပဲ။ ဒီနိုင်ငံမှာ သမတဦးသိန်းစိန်ရဲ့ မိန့်ခွန်းဟာ မျှော်လင့်ချက်တွေ အများကြီးရှိတယ်ပေါ့။ အဲဒါက တကယ်ပဲဖြစ်လာမလား မလာဘူးလား ကျနော်တို့ဘယ်လိုမြင် သလဲပေါ့။ ကျနော်တို့ ပါတီက လူထုကိုယ် စားလှယ်ကဘာတွေ လုပ်နေလဲဆိုတာတွေ။ နောက်ပြီးတော့ အကျင့်ပျက်ချစားမှုတိုက်ဖျက် ရေးကရော ဘယ်လောက်ထိ အောင်မြင် နိုင်မလဲပေါ့။နောက်ပြီးတော့ နယ်စပ်ကိစ္စတွေ ဒါတွေမေးတယ်။ နောက် သမတမိန့်ခွန်းမှာ ပါတဲ့အတိုင်းကတော့ နှစ် ၂၀ ကာလမှာ ဒီလောက်ကောင်းတဲ့ နိုင်ငံတော်အကြီးအကဲတယောက်ရဲ့ ကတိကဝတ်ကို ကျနော်တို့မရခဲ့ဘူးပေါ့။ ဒါကိုတော့ မျှော်လင့်စရာတွေရှိတယ်ပေါ့။ အကောင်အထည်ဖော်တယ်ဆိုတာတော့ ရာနှုန်းပြည့်မဟုတ်တောင်မှ အထိုက်အလျောက်တော့ ဖြစ်နိုင်ချေရှိတယ်လို့ မျှော် လင့်တယ်ပေါ့။ ဒီလောက်ပါပဲ။"

ဒါ့အပြင် စီးပွားရေးအရ ပိတ်ဆို့ဒဏ်ခတ်မှုတွေနဲ့ ပတ်သက်ပြီး ဆွေးနွေးဖြစ်တဲ့ အကြောင်းအရာတွေကိုလည်း ဦးခင်မောင်ဆွေကအခုလိုပြောပါတယ်။

"သူတို့အနေနဲ့ အကူအညီပေးချင်ပါတယ်။ ဒါပေမယ့်လည်းစီးပွားရေးပိတ်ဆို့မှုရှိနေတဲ့အတွက်ကြောင့် အခက်အခဲဖြစ်နေရတဲ့အကြောင်း၊ နောက်ပြီးတော့ နိုင်ငံရေးအကျဉ်းသားတွေ အပြည့်အဝမလွတ်သေးတဲ့အခါမှာ သူတို့မှာလည်း ဒီအခြေခံမူကနေ ရပ်ပြီးတော့ ပွင့်လန်းလာအောင် ဆောင်ရွက်နိုင်ချေ အခြေအနေ နည်းနည်းအားနည်းတယ်။ လွတ်ပေးမယ်ဆိုရင်ပိုကောင်းတယ်ပေါ့။ ကျနော်တို့ကလည်း စီးပွားရေးပိတ်ဆို့မှုကိစ္စဆိုတာနှစ်ဖက်လုံးမှာ တာဝန်ရှိတယ်။ ပိတ်ခံရသူကော၊ ပိတ်တဲ့သူကော။ တိုင်းပြည်ကောင်းကျိုးကိုသွားစေချင်တယ်ဆိုရင် နှစ်ဖက်လုံးက ဆုံရပ်တူညီတဲ့ common ground တခုကို ရောက်အောင်တော့ ဆောင်ရွက်နိုင်မှသာလျှင် တိုင်းပြည်နဲ့လူမျိုးအကျိုးရှိမှာပဲလို့ကျနော်တို့တော့ ဆွေးနွေးခဲ့ပါတယ်။"

အီးယူဥရောပသမဂ္ဂရဲ့ ဒုဥက္ကဋ္ဌလည်းဖြစ် နိုင်ငံခြားရေးရာနဲ့လုံခြုံရေးရာအကြီးအကဲရဲ့ အထူးအကြံပေးပုဂ္ဂိုလ်လည်းဖြစ်တဲ့ Robert Cooper နဲ့ အီးယူရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Piero Fassino တို့နဲ့အတူ ကိုယ်စားလှယ် ၁၁ ဦးပါ အဖွဲ့ဟာ ၅ ရက်ကြာသူတို့ခရီးစဉ်ထဲမှာ အစိုးရသစ်ရဲ့ ဒုတိယသမတ သီဟသူရဦးတင် အောင်မြင့်ဦးနဲ့အတူပြည်ထောင်စုနိုင်ငံရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နဲ့ ဝန်ကြီးတွေကို တွေ့ဆုံခဲ့ပါတယ်။

ဒါ့အပြင်မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင်တွေနဲ့လည်းတွေ့ဆုံခဲ့ပါသေးတယ်။

ဒီခရီးစဉ်အတွင်းမှာပဲ ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီခေါင်းဆောင်တွေအပြင် လူမှုရေးအသင်းအဖွဲ့ခေါင်းဆောင်တွေနဲ့လည်းတွေ့ဆုံပြီး အစိုးရသစ်အနေနဲ့သူတို့ပေးထားတဲ့ ကတိအတိုင်း ပြုပြင်ပြောင်းလဲရေးတွေကို လက်တွေ့လုပ်ဖို့လိုအပ်လို့ အီးယူကိုယ်စားလှယ်တွေက ထုတ်ဖော်ပြောကြားလိုက်တာ ဖြစ်ပါတယ်။

---

# ဒေါ်အောင်ဆန်းစုကြည် သမိုင်းတကြော့ပြန်အကြောင်း ဘန်ကောက်ပို့စ်မှ မြန်မာ ဆင်ဆာဘုတ်က ဖြုတ်ပြစ်

**MIZZIMA၊ ဇွန် ၂၀။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ သမိုင်းတကျော့ပြန်အကြောင်းနှင့် ခရီးစဉ်နှင့် ပတ်သက်၍ရေးထားသော ဘန်ကောက်ပို့စ် နေ့စဉ်သတင်းစာပါ ၄ မျက်နှာခန့်ကို မြန်မာဆင်ဆာဘုတ်က ဖြုတ်လိုက်သည်။

တနင်္ဂနွေထုတ်သတင်းစာမှ Spectrum ကဏ္ဍတွင် ဩစတြေးလျစာနယ်ဇင်းသမားဖြစ်သူ သတင်းထောက် Phil Thorn ton ရေး "HISTORY REPEATING" "Aung San Suu Kyi Steps Back into the firing line" အကြောင်းကို ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားသည်ကို ဖြုတ်ပစ်ခိုင်းခြင်းဖြစ်သည်။

"ထုံးစံပါပဲ။ သူမနဲ့မကိုက်ရင် ဖြုတ်တာပါ။ ဘန်ကောက်ပို့စ်မှာ ဒေါ်အောင်ဆန်းစုကြည်အကြောင်းပါတယ်။ နည်းနည်း controversial ဖြစ်လို့ မူနဲ့လည်းမကိုက်ဘူး။ ဒီဟာလေးကို ဖြုတ်လိုက်ပါဆိုတော့ ၄ မျက်နှာစာလောက်ဖြုတ်လိုက်တာပေါ့" ဟု သတင်းစာတင်သွင်းခွင့်လိုင်စင်ရ Success International Publisher's Distributor ကုမ္ပဏီပိုင်ရှင် ဦးမျိုးအောင်က မဇ္ဈိမကိုပြောသည်။

၄ မျက်နှာခန့်ဖြုတ်လိုက်သော်လည်း နေပြည်တော် ဝန်ကြီးဌာနများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဟိုတယ်ကြီးများကိုဖြန့်ဝေသည်ဟုဆိုသည်။ ထိုင်းနိုင်ငံထုတ် နေ့စဉ်သတင်းစာနှစ်စောင်ကို မြန်မာနိုင်ငံသို့ ဇွန်လ ၁ ရက်နေ့မှစ၍ တမျိုးလျှင် စောင်ရေ ၂၀ စီဖြန့်ဝေခဲ့ရာ တစောင်ကျပ် ၂၁၀၀ ဖြင့်ရောင်းချသည်။

အစိုးရသစ်က စာပေစိစစ်ရေးမှုများမှ အနုပညာ၊ သုတရသ၊ ကျန်းမာရေး၊ အားကစား၊ ကလေး၊ နည်းပညာ စသည့် ဂျာနယ်မဂ္ဂဇင်း ၁၇၈ ခုကို ဆင်ဆာဘုတ်မဖြတ်ဘဲ တိုက်ရိုက်ထုတ်ဝေခွင့်ကို ဇွန်လ ၁၀ ရက်နေ့မှ စတင်ခွင့်ပြုခဲ့သည်။

# ကြပ်ပြေးနေပြည်တော်၊ မန္တလေးမြို့နဲ့ မေမြို့တွေမှာ ဗုံးတွေဆက်တိုက်ပေါက်ကွဲ

**VOA ၊ ဇွန် ၂၄ ။** ။ မြန်မာအစိုးရ ရုံးစိုက်ရာ နေပြည်တော်၊ ဒုတိယ မြို့တော်မန္တလေးနဲ့ ပြင်ဦးလွင်ခေါ် မေမြို့မှာ ဒီနေ့နေ့ခင်းပိုင်းက မိနစ် ပိုင်းစီခြားပြီး ဗုံးတွေ ပေါက်ကွဲခဲ့ပါတယ်။ ဒီပေါက်ကွဲမှုတွေမှာအသေ အပျောက် မရှိခဲ့ပေမဲ့ မန္တလေးမြို့ ပေါက်ကွဲမှုမှာတော့ အထိအခိုက်တ ချို့ ရှိခဲ့တယ်လို့ သိရပါတယ်။ နေပြည်တော်က ဗုံးပေါက်ရာ နေရာမှာ လုံခြုံရေးတွေချထားပြီး စစ်ဆေးမေးမြန်းတာတွေ ရှိနေတယ်လို့ဆိုပါ တယ်။ ဒီဗုံးပေါက်ကွဲမှု အခြေအနေတွေကို ဆက်သွယ်မေးမြန်းထား တဲ့ ဗွီအိုအေ ထိုင်းအခြေစိုက် သတင်းထောက် ကိုမိုးဇော်က တင်ပြပေး ထားပါတယ်။

ဒီလအတွင်း ကချင်၊ ကရင်နဲ့ ရှမ်းပြည်နယ်တွေမှာ တိုက်ပွဲတွေ ဆက်တိုက်ဖြစ်ပွားနေတဲ့ တချိန်တည်းမှာပဲ ဒီရက်ပိုင်းမှာတော့ မြန်မာ နိုင်ငံက မြို့ကြီးအတော်များများမှာ ဗုံးပေါက်ကွဲမှုတွေ ခပ်စိပ်စိပ်ဖြစ်လာ နေပါတယ်။

ဒီကနေ့ နေ့ခင်းပိုင်းက အစိုးရ ရုံးစိုက်ရာ နေပြည်တော်ကသပြေ ကုန်းဈေးမှာ ဗုံးတလုံး ထပ်မံပေါက်ကွဲခဲ့ပါတယ်။ ဒါဟာ နေပြည်တော် မှာ ဒီလအတွင်း ဒုတိယအကြိမ်ပေါက်ကွဲတာဖြစ်ပြီး ဖြစ်ပျက်ပုံကိုတော့ ဒေသခံတယောက်က အခုလိုပြောပါတယ်။

"၁၁ နာရီခွဲလောက်က ကျနော်က အဲဒီကအပြန် မြို့ထဲရောက် တော့ ကွဲတယ်ကြားတာ။ သပြေကုန်းဈေးက မြတ်ဆေးခန်းရဲ့ မျက် စောင်းထိုးက နှစ်ထပ်တိုက်။ ခုနက သွားကြည့်လာတဲ့အချိန်မှာတော့သူ က လူနေအိမ်ပဲ၊ လူမရှိဘူး။ အသံအကျယ်ကြီးထွက်တယ်၊အမိုးပွင့် သွားတယ်၊အုတ်နံရံတွေပြိုပြီးအတွင်းကိုကျသွားတယ်။"

ဒီပေါက်ကွဲမှုကို အစောပိုင်းက ဂက်စ်အိုးပေါက်တာလို့ယူဆ တာတွေရှိခဲ့ပေမဲ့ နောက်ပိုင်းမှာတော့ ဗုံးဖြစ်ကြောင်းအတည်ပြုခဲ့ပါ တယ်။ ဒီပေါက်ကွဲမှုမှာ ထိခိုက်ဒဏ်ရာရတာမရှိဘူးလို့ နေပြည်တော် ဒေသခံကပြောပါတယ်။ ဗုံးပေါက်ပြီးနောက် ပေါက်ကွဲရာ နေရာအနီး ကို လုံခြုံရေးတွေ တင်းတင်းကျပ်ကျပ်ချထားပြီး ရှင်းလင်း စစ်ဆေးတာ တွေ ရှိခဲ့တယ်လို့ ဒေသခံက အခုလိုဆက်ပြောပါတယ်။

"လုံခြုံရေးကတော့ ပြီးခဲ့တဲ့ တနာရီလောက်ကစပြီး အပြီးယူ လိုက်တာပဲ။ ဟို တံတိုင်းကာတဲ့ကားတို့၊ ဗုံးရှာတဲ့ ကိရိယာနဲ့ ရဲတို့၊ မိုင်း အဖွဲ့အကုန် အများကြီးပဲ အဲဒီမှာ။"

ဗုံးကွဲတာနဲ့ ပတ်သက်ပြီး လောလောဆယ်မှာတော့ တရားခံကို ရှာဖွေမတွေ့သေးဘူးလို့ ပြောပါတယ်။ ဒီလ ၁၀ ရက်နေ့ကလည်း နေပြည်တော် မြို့မဈေးက သန့်စင်ခန်းအတွင်းမှာ ဗုံးတလုံးပေါက်ကွဲ ခဲ့ပြီး လူ ၃ ယောက် ထိခိုက်ဒဏ်ရာရခဲ့ပါတယ်။ မေလ ၁၈ ရက်နေ့ ကတော့ နေပြည်တော်ဘူတာအလွန် ရန်ကုန်၊ မန္တလေး မီးရထားပေါ်မှာ ဗုံးတလုံး ပေါက်ကွဲခဲ့တာကြောင့် ခရီးသည် ၂ ယောက် သေဆုံးပြီး ၇ ယောက် ဒဏ်ရာရခဲ့ပါတယ်။

ဒီကနေ့ နေပြည်တော်မှာ ဗုံးပေါက်ကွဲပြီး မိနစ်ပိုင်းအတွင်းမှာ တော့ မန္တလေးမြို့ ဈေးချိုအနီးမှာလည်း ဗုံးတလုံး ပေါက်ကွဲခဲ့ပါတယ်။ ဒီအခြေအနေကိုတော့ မန္တလေးဒေသခံတယောက်က အခုလို ပြောပါ တယ်။

"၁၂ နာရီလောက်က ဖြစ်တာ။ ၈၄ လမ်းပေါ့။ ၂၇ နဲ့ ၂၈ လမ်း ကြားလောက်ဖြစ်မယ်ဗျ။ ဈေးချိုတည့်တည့်။ ဥပုသ်နေ့ဆိုတော့ဈေးက တော့ ပိတ်ထားတယ်။ အဲဒီမှာ ၁၂ နာရီလောက်က ကွဲတယ်။ မန်းမြန် မာပလာဇာရှေ့၊ ၈၄ လမ်းကြီးပေါ် ကားပေါ်ကွဲတယ်လို့ ပြောတယ်ဗျ။"

ဗုံးပေါက်ကွဲရာ အနီးက ဈေးချိုဟိုတယ်မှာလည်း မှန်တံခါးတွေ အကုန်ကွဲကုန်တယ်လို့ ဟိုတယ်ဝန်ထမ်း တယောက်က ပြောပါတယ်။

"ဝန်ထမ်းတွေလည်း ဘာမှမဖြစ်ဘူး၊ လူတွေလည်း ဘာမှမဖြစ် ဘူး။ မှန်တွေကတော့ အကုန်ကွဲသွားတယ်ရှင့်။ ၂၈ လမ်းဘက်က မှန် တွေ အကုန်ကွဲတာရှင့်၊ မန်းပလာဇာဘက်က မှန်တွေလည်း အကုန်ကွဲ တာရှင့်။ ဟိုဘက်ဒီဘက် နှစ်ဘက်စလုံး အကုန်ကွဲတာ။"

The Voice Weekly ဂျာနယ် အင်တာနက် စာမျက်နှာမှာတော့ ဈေးချိုဟိုတယ်က ဝန်ထမ်း ၂ ယောက် ထိခိုက်တယ်လို့ ဖော်ပြထားပြီး သီးခြား အတည်ပြုချက်တော့ မရသေးပါဘူး။

မန္တလေး ဈေးချိုမှာဗုံးပေါက်တဲ့ တချိန်တည်းမှာပဲ မေမြို့က ထောက်ပို့ပန်းခြံအနီးက အိမ်တအိမ်မှာ ပေါက်ကွဲမှုတခုဖြစ်ခဲ့တယ်လို့ ပြင်ဦးလွင် ဒေသခံတယောက်က ပြောပါ တယ်။

"ထောက်ပို့ပန်းခြံနဲ့ မျက်နှာခြင်းဆိုင်နားက အိမ်တလုံးမှာ ဗုံးကွဲတာ။ မန္တလေးမှာကွဲတဲ့ အချိန်နဲ့ အတူတူပဲလို့ ပြောတယ်။ ၁၂ နာရီ ၁၅၊ ၁၂ နာရီခွဲလောက်မှာကွဲတာ။ အဲဒီအိမ်မှာ လူမရှိဘူး၊ သော့ ခတ်ထားတယ်တဲ့။ တော်တော်အားပြင်းတဲ့ သဘောပဲ။ နှစ်ထပ်တိုက်ခံ အိမ်လေး အမိုးပွင့်သွားပြီး လူကဘာမှ ထိခိုက်ဒဏ်ရာရတာ မရှိဘူး။"

ဒီပေါက်ကွဲတာနဲ့ ပတ်သက်ပြီး ဆက်လက်စုံစမ်းစစ်ဆေးနေဆဲ ဖြစ်ကြောင်း သိရပါတယ်။ဒီညနေ ၃ နာရီလောက်မှာ မန္တလေးမြို့ ၈၄ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြားက ရွှေနိုင်ငံ စိန်ရွှေရတနာဆိုင်အနီး မှာ ဗုံးအဖြစ် မသင်္ကာဖွယ်ရာပစ္စည်းတခုကို တွေ့ရှိခဲ့တာကြောင့် လုံခြုံ ရေးတပ်ဖွဲ့ဝင်တွေက ရှင်းလင်းခဲ့ရတယ်လို့ The Voice Weekly ဂျာ နယ် အင်တာနက်စာမျက်နှာမှာ ဖော်ပြထားပါတယ်။

ပြီးခဲ့တဲ့ ရက်တွေအတွင်းကလည်း ကချင်ပြည်နယ် မြစ်ကြီးနား မြို့က အမှတ် ၁ ရဲစခန်းနဲ့ ပြည်နယ် လူဝင်မှု ကြီးကြပ်ရေးရုံးမှာ ဗုံး ၂ လုံး ဆက်တိုက်ပေါက်ကွဲခဲ့သလို ရှမ်းပြည်နယ် တန့်ယန်းမြို့မှာလည်း ဒီလ ၂၂ ရက်နဲ့ ၂၃ ရက် ၂ ရက်အတွင်းမှာ ဗုံး ၇ လုံးလောက် ပေါက် ကွဲခဲ့ပါတယ်။

---

**စာမျက်နှာ ၁၃ မှ**

ဒီထဲမှာ ကရင်ပြည်နယ်မှာ ဆယ်စုနှစ်များစွာ တောက်လျှောက် ဖြစ်နေတဲ့စစ်ပွဲတွေကြောင့် အိမ်နီးချင်းထိုင်းနိုင်ငံကို ထွက်ပြေးခို လှုံနေရတဲ့ တိုင်းရင်းသားပြည်သူတွေရဲ့ ဒုက္ခ၊ အခု တခါ ကချင် ပြည်နယ်က စစ်ပွဲတွေကြောင့် အိမ်နီးချင်းတရုတ်နိုင်ငံကို ထွက်ပြေး နေရတဲ့ ပြည်သူတွေရဲ့ဒုက္ခတွေကို ကြားသိနေရတဲ့အတွက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်အနေနဲ့ အလွန်စိတ်မကောင်းဖြစ်ရတယ်လို့လည်း ဖော်ပြထားပါတယ်။

ဒါကြောင့် ပြည်တွင်းစစ်ဒဏ်ခံနေရတဲ့ ပြည်သူတွေရဲ့ဒုက္ခတွေ အမြန်ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးအဖြေရှာဖို့ တိုက်တွန်း မေတ္တာရပ် ခံရတာလို့ ဖော်ပြထားပါတယ်။

# ယာဉ်တန်းအား ကြားဖြတ်တိုက်ခိုက်ခံရခြင်း

ခင်မမမျိုး

စစ်မြေပြင်မှာ စစ်ကြောင်းတွေကို ကြားဖြတ်ပြီး ချုံခိုတိုက်ခိုက်ခံရတာတွေရှိတတ်ပါတယ်။ ဒါကို စစ်သုံးစကားအနေနဲ့ ambush လုပ်တယ်လို့ခေါ်ဝေါ်သုံးစွဲကြပါတယ်။ စစ်မြေပြင်မှာ ချုံခိုတိုက်ခိုက်ခံရသလိုပဲ နိုင်ငံရေးမှာလဲ အရေးပါပုဂ္ဂိုလ်တွေရဲ့ ယာဉ်တန်းတွေကို ကြားဖြတ်တိုက်ခိုက်ခံရတာတွေလဲ ရှိတတ်ပါတယ်။ ဒီလို ကြားဖြတ်တိုက်ခိုက်မှုတွေမှာတိုက်ခိုက်သူတွေ အဓိကသုံးတဲ့ လက်နက်ကတော့ Surprise ပါပဲ။ မထင်မှတ်ထားတဲ့အချိန်၊ မထင်မှတ်ထားတဲ့ နေရာမှာ ပေါ်ထွက်လာတတ်တဲ့ ရန်သူတွေက လက်တကမ်းမှာ ထိပ်တိုက်ရင်ဆိုင်နေရတဲ့ ရန်သူတွေထက် ပိုပြီး အန္တရာယ်ကြီးပါတယ်။ ယာဉ်တန်းတွေကိုကြားဖြတ်တိုက်ခိုက်မှုမှာ သဏ္ဍာန်နှစ်မျိုးရှိပါတယ်။ Static ambush နဲ့ mobile ambush တို့ ဖြစ်ပါတယ်။

*Static ambush*

အရေးပါ ပုဂ္ဂိုလ်တွေရဲ့ ယာဉ်တန်းရပ်တန့်သွားအောင် လမ်းမပေါ်မှာ တစုံတရာနဲ့ပိတ်ဆို့တားဆီးပြီး ကြားဖြတ်တိုက်ခိုက်မှုတွေပြုလုပ်တတ်ကြပါတယ်။ပိတ်ဆို့တားဆီးလေ့ရှိတဲ့ နည်းလမ်းတွေကတော့ အရေးပါပုဂ္ဂိုလ်ရဲ့ ယာဉ်တန်းရှေ့မှာမောင်းနှင်နေသောကားမှ ရုတ်တရက် ဘရိတ်အုပ် ရပ်တန့်ခြင်း၊ ကျောက်တုံးနှင့်သစ်ကိုင်းကျိုးများ လမ်းမပေါ်တွင် ရှိနေခြင်း၊ မိုင်းထောင်ထားခြင်း စတာတွေဖြစ်ပါတယ်။

Static ambush နဲ့ တိုက်ခိုက်ခံရချိန်မှာ ယာဉ်မောင်းသူတွေရဲ့ အခန်းကဏ္ဍက အလွန်အရေးကြီးပါတယ်။ အရေးပါပုဂ္ဂိုလ်ရဲ့ ယာဉ်တန်းမှာ follow-up car ပါလာခဲ့ရင် ဒီကားက principal vehicle ကို ကျော်သွားပြီး၊ ကြားဖြတ်တိုက်ခိုက်ခံရမှု ဖြစ်ပွားရာနေရာနဲ့ မီတာ (၂၀) အကွာမှာ defence position ယူဖို့လိုအပ်ပါတယ်။ escort ကားကတော့ လမ်းရဲ့အခြားတဘက် မီတာ (၂၀) အကွာမှာ ရပ်ပြီး cover ယူရပါမယ်။ ဒီအချိန်မှာ principal vehicle ယာဉ်မောင်းက မောင်းထွက်ဖို့ ကြိုးစားရပါမယ်။ ဖြစ်နိုင်မယ်ဆိုရင် reverse gear နဲ့ ကားကို ၁၈၀ ဒီဂရီ လှည့်နိုင်ဖို့ကြိုးစားသင့်ပါတယ်။ လမ်းကြောင်းအနည်းငယ်ရှင်းရင်တော့ U turn (သို့မဟုတ်) Yturn လုပ်နိုင်ပါတယ်။ အရေးကြီးဆုံးက ကြားဖြတ်တိုက်ခိုက်ခံရတဲ့ နေရာကနေ အမြန်ဆုံးခွာနိုင်ဖို့ပါပဲ။

ယာဉ်တန်းမှာပါဝင်တဲ့ ကားတွေရဲ့ ယာဉ်မောင်းသူတွေဟာ ရှေ့ကကားရဲ့ ရှည်လျားမှုအတိုင်းအတာ တဝက်ခန့်ရှိတဲ့ အကွာအဝေးကို ချန်ဆပြီးမှ ကားကို ရပ်နားသင့်ပါတယ်။ ခရီးစဉ်တလျှောက်က escape routes တွေကို ကျွမ်းကျွမ်းကျင်ကျင် သိနားလည်ထားသင့်ပါတယ်။

*Mobile ambush*

Mobile ambush မှာ တိုက်ခိုက်နည်းမျိုးစုံကို ကြုံတွေ့ရနိုင်ပါတယ်။ ပထမနည်းကတော့ Pincer attack ဖြစ်ပါတယ်။ pincer attack မှာ ကားတစီးက အရေးပါပုဂ္ဂိုလ်စီးနင်းလိုက်ပါလာတဲ့ ကားကိုဘေးကနေ ယှဉ်မောင်းရင်း ကားရှေ့မှာ ပိတ်ရပ်လိုက်ပြီး၊ နောက်ထပ်ကားတစီးကတော့ နောက်ကနေ ပိတ်ရပ်လိုက်တာဖြစ်ပါတယ်။ နောက်တနည်းကတော့ Side street attack ဖြစ်ပါ တယ်။ ဒီလိုတိုက်ခိုက်ရာမှာ လမ်းဘေးမှာ ရပ်နားထားတဲ့ကားက အရေးပါပုဂ္ဂိုလ်စီးနင်း လိုက်ပါလာတဲ့ ကားရှေ့ကိုရုတ်ခြည်းဖြတ်ဝင်လိုက်တာ ဖြစ်ပါတယ်။ တချိန်တည်းမှာပဲ နောက်ထပ်ကားတစီးကလဲနောက်ကနေ ဝင်ရပ်လိုက်ပြီး ကားကို ရပ်တန့်စေတာဖြစ်ပါတယ်။

နောက်တနည်းကတော့ Side attack ဖြစ်ပါတယ်။ဒီလိုတိုက်ခိုက်ရမှာ ယာဉ်တန်း (သို့မဟုတ်) အရေးပါပုဂ္ဂိုလ် လိုက်ပါစီးနင်းလာတဲ့ကားကို နောက်ကနေ ဝင်ရောက်တိုက်ခိုက်တာ၊ ဘေးတဘက် တချက်ကနေ တိုက်ခိုက်တာတွေဖြစ်ပါတယ်။ နောက်တနည်းကတော့ Moto -rbike attack ဖြစ်ပါတယ်။ မော်တော် ဆိုင်ကယ်သမားတွေက ယာဉ်တန်းဘေးမှာကပ်လိုက်လာပြီး မီးပွိုင့် (သို့မဟုတ်) ယာဉ်တန်းရပ်တန့်ချိန်မှာအရေးပါပုဂ္ဂိုလ်ရဲ့ အသက်ကို ရန်ရှာတာဖြစ်ပါတယ်။

ဒီလိုတိုက်ခိုက်ခံရမှုတွေကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့ နည်းလမ်းတွေ ရှိပါတယ်။ Pincer attack နဲ့ တိုက်ခိုက်ခံရတဲ့အခါ ဘရိတ်ဆောင့်ဆွဲပြီး၊ မောင်းထွက်နိုင်ဖို့ ကြိုးစားရပါမယ်။ Side street attack နဲ့တိုက်ခိုက်ခံရတဲ့အခါ ရှေ့ကကားကိုတိုက်ချပြီးဖြစ်စေ၊ နောက်ဆုတ်ဖို့အကျယ်အဝန်းရှိရင် နောက်ဆုတ်ပြီးဖြစ်စေ ပိတ်ဆို့ခံထားရတဲ့ အခြေအနေကနေ လွတ်မြောက်သွားနိုင်ဖို့ ကြိုးစားရ ပါမယ်။ Side attack နဲ့တိုက်ခိုက်ခံရရင်ဘရိတ်ဆွဲရပ်တန့်ပြီး ဂငယ်ကွေ့ကွေ့ထွက် နိုင်ဖို့ ကြိုး စားရပါမယ်။

အရေးကြီးဆုံးကတော့ visual contact ကို ဖြတ်တောက်ပစ်ဖို့ လိုပါတယ်။မော်တော်ဆိုင်ကယ်နဲ့တိုက်ခိုက်ခံရမှုကိုကာကွယ်နိုင်မယ့် နည်းလမ်းကတော့စဉ်ဆက်မပြတ် သတိရှိနေဖို့နဲ့ ပတ်ဝန်းကျင်ကို လေ့လာစူးစမ်းတတ်ဖို့ပဲ ဖြစ်ပါတယ်။ escort vehicle တွေဟာ မော်တော်ဆိုင်ကယ်တွေ principal vehicle နားမကပ်နိုင်အောင် သတိထားပေးဖို့ လိုအပ်ပါတယ်။

*လမ်းကြောင်း ကြိုတင်ပြင်ဆင်ခြင်း*

အရေးပါပုဂ္ဂိုလ်တွေရဲ့ ခရီးစဉ်ထွက်ချိန်တွေနဲ့ မြို့တွင်းသွားလာချိန်လမ်းခရီးမှာ ကြားဖြတ် တိုက်ခိုက်ခံရမှုကို ကာကွယ်နိုင်ဖို့ လုံခြုံရေးအဖွဲ့ကသင့်လျော်ရာ လမ်းကြောင်းကြိုတင်ပြင်ဆင်မှုတွေ လုပ်ဖို့ လိုအပ်ပါတယ်။

အရေးပါပုဂ္ဂိုလ်ဟာ နေရာနှစ်ခုအကြား (ဥပမာ- ရုံးနဲ့ အိမ်) မှာပုံမှန်သွားလာတတ်လို့ရှိရင် လုံခြုံရေးအဖွဲ့အနေနဲ့ သွားလို့ရနိုင်မယ့် လမ်းကြောင်းမျိုးစုံကို ကြိုတင်ပြင်ဆင်ရပါမယ်။ နေ့စဉ်လမ်းကြောင်းတွေကို ပြောင်းလဲ အသုံးပြုခြင်းအားဖြင့် ကြိုတင် တိုက်ခိုက်ခံရမှုကိုကာကွယ်နိုင်ပါတယ်။ ဆိုက်ရောက်ချိန်နဲ့ ထွက်ခွာချိန်တွေကိုလဲ

စာမျက်နှာ ၁၈ သို့

# ကေအိုင်အေတပ်နဲ့ သမတဦးသိန်းစိန်တပ် ပူတာအိုမှာ တိုက်ပွဲဖြစ်ပွား

**VOA ၊ ၂၅ ၂၃ ။** ။ ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) နဲ့ မြန်မာအစိုးရတပ်တွေ ကချင်ပြည်နယ် မြောက်ပိုင်းမှာ တိုက်ပွဲဆက်လက်ဖြစ်ပွားပြီး KIA ထောင်ထားတဲ့ ဗုံးကြောင့် မြန်မာအစိုးရတပ်တွေဘက်က တယောက်ကျပြီး ၅ ယောက် ဒဏ်ရာရသွားပါတယ်။ဆက်လက်ပြီးလည်း အဲဒီဒေသပိုက်မှာ မြန်မာအစိုးရတပ်တွေနဲ့ KIA တပ်တွေကြားမှာ တိုက်ပွဲတွေ ဆက်လက်ဖြစ်နေဆဲဖြစ်ပါတယ်။ အပြည့်အစုံကို ဗွီအိုအေ ထိုင်းအခြေစိုက် သတင်းထောက် နုးပန်က တင်ပြပေးထားပါတယ်။

အခု တိုက်ပွဲ ဆက်လက်ဖြစ်ပွားနေတဲ့ နေရာကတော့ ကချင်ပြည်နယ်မြောက်ပိုင်း ပူတာအိုခရိုင် ဆွမ်ဘရာဘွမ် မလိခမြစ်နဲ့ ခရန်ခမြစ်ကြား မလိခရန်ဝလောင်မှာ ဖြစ်ပွားနေခြင်းဖြစ်ပြီး မြန်မာအစိုးရတပ်တွေဘက်က အကျအဆုံးရှိခဲ့တယ်လို့ KIO ဗဟိုကော်မတီဝင် တွဲဖက်အတွင်းရေးမှူးဦးလနန်က ပြောပါတယ်။ KIA တပ်မဟာ ၁၊ တပ်ရင်း ၇ နယ်မြေတွင်း တက်လာချိန် မြန်မာအစိုးရ တပ်တွေဘက်က ထိခိုက်သွားခြင်းဖြစ်တယ်လို့ ဦးလနန်က ကချင်လို ပြောပါတယ်။

"ခလရ ၁၃၈ နဲ့ပါ၊ မြန်မာအစိုးရ တပ်ဘက်က တယောက်သေတယ်၊ ၅ ယောက် ဒဏ်ရာရပါတယ်။ ကျနော်တို့ဘက်က ဘာမှမဖြစ်ပါဘူး။ မြန်မာအစိုးရတပ်ရဲ့ကားတစီး ပျက်စီးသွားတယ်။ အခု တိုက်ပွဲဖြစ်နေတဲ့နေရာမှာတော့ အထိအခိုက် ဘာမှ မဖြစ်သေးပါဘူး။ အခုဖြစ်တာက ဆွမ်ပရာဘွမ် တက်လာတဲ့လမ်းမှာ ဖြစ်တာပါ။"

ကချင်ပြည်နယ် အနီးတဝိုက်နဲ့ ရှမ်းပြည် မြောက်ပိုင်းမှာ တိုက်ပွဲတွေ ဆက်တိုက်ဆိုသလို ဖြစ်ပွားခဲ့ပြီး အခုဖြစ်ပွားနေတဲ့ နေရာမှာတော့ မနေ့ကစပြီး ကချင်ပြည်နယ်မြောက်ပိုင်းမှာ စတင်ဖြစ်ပွားလာခဲ့တာဖြစ်တယ်လို့လည်း KIO အဖွဲ့ဝင် တယောက်က အခုလိုပြောပါတယ်။

"အခုချိန်ထိတော့ ဖြစ်နေဆဲပါပဲ။ နစ်ဘက်စလုံး ဆုတ်သွားတာတော့ မရှိသေးပါဘူးဗျ။ အဲဒီတဝိုက်နားက ပြည်သူလူထုတွေကတော့ ထွက်ပြေးတိမ်းရှောင်နေတာတော့ ရှိတယ်။ နစ်ဘက်စလုံး အင်အားကြီးကြီးမားမားနဲ့တော့မဟုတ်ပါဘူး။ ပြည်သူလူ ထုတွေကတော့ သေနတ်သံကြားတာနဲ့ အကုန်လုံးက ကြောက်နေတာပေါ့။ ထွက်ပြေးတိမ်းရှောင်နေတာတွေတော့ရှိတယ်။"

အခု တိုက်ပွဲဖြစ်နေတဲ့ ပူတာအိုခရိုင်ဟာ ကချင်တိုင်းရင်းသား ရဝမ်၊ လီဆူ၊ ခနူး လူမျိုးများ အဓိက နေထိုင်နေကြပြီး မြန်မာအစိုးရတပ်ဘက်က တပ်သားအဖြစ် စုဆောင်းခံထားရတဲ့ သူတွေကလည်း ပူတာအိုခရိုင်တွင်းက တိုင်းရင်းသား လူမျိုးများသာ ဖြစ်တယ်လို့ဒေသခံများက ပြောပါတယ်။

အခု မြန်မာတပ်ကို ဦးဆောင်သူတွေကတော့ အစိုးရစစ်တပ်အရာရှိတွေဖြစ်ပေမဲ့ အခုတိုက်ပွဲဖြစ်နေတဲ့ နေရာမှာတော့ နယ်မြေကျွမ်းကျင်တဲ့ ဒေသခံ ရွာသားတွေကိုသာ အသုံးပြုပြီး တိုက်ခိုက်နေခြင်းဖြစ်တယ်လို့လည်း သူကသုံးသပ်ပါတယ်။

"အဲဒီနေရာဘက်မှာ သူတို့က ရဝမ်တိုင်းရင်းသားတွေကို စည်းရုံးထားတာတွေရှိတယ်။ ပြီးတော့ လီဆူတိုင်းရင်းသားတွေကိုစည်းရုံးထားတာတွေလည်းရှိတယ်။ သူတို့နဲ့ တိုက်ခိုက်တာလည်းပါတာပေါ့။ ဦးဆောင်တဲ့တပ်ကတော့ သူတို့ပဲ ဦးဆောင်တာပေါ့။ များသောအားဖြင့်တော့ တိုင်းရင်းသားတွေလည်း ပါလိမ့်မယ်။"

အခုချိန်ထိ နစ်ဘက်အကျအဆုံးကိုတော့ အတိအကျ မသိရသေးပေမဲ့ နစ်ဘက်စလုံးထိခိုက်ကျဆုံးမှုရှိနိုင်တယ်လို့ ဒေသခံတွေက ခန့်မှန်းနေပါတယ်။ မြန်မာစစ်တပ်ဘက်က အကျအဆုံးနဲ့ပတ်သက်ပြီးလည်း အတည်ပြုနိုင်ခြင်းမရှိသေးပါဘူး။

ပြီးခဲ့တဲ့ရက်ပိုင်းက မြစ်ကြီးနားမြို့ အမှတ် ၁ ရဲစခန်းနဲ့ လူဝင်မှုကြီးကြပ်ရေး (လဝက) ရုံးရှေ့မှာ အသေအပျောက် မရှိဘဲ ဗုံး ၂ လုံး ပေါက်ကွဲခဲ့ပါတယ်။ အဲဒီအပြင် ဖားကန့်မြို့ မြို့မရပ်ကွက်ရှိအစိုးရ ရဲစခန်းရှေ့နဲ့ လုံးခင်းကျေးရွာ ရဲစခန်း၊ မြစ်ကြီးနား လိုင်ဇာ လမ်းမပေါ်က နမ်ဆန်ယန်ကျေးရွာ စရဖရုံးကိုလည်း KIA က လက်ပစ်ဗုံးဖောက်ခွဲခဲ့တယ်လို့ အရာရှိတွေက ပြောပါတယ်။

ဗုံးဖောက်ခွဲမှုကြောင့် အသေအပျောက်မရှိပေမဲ့ မြို့ပေါ်ထိ ဖောက်ခွဲ တိုက်ခိုက်လာမှုကို မြန်မာအစိုးရက လုံခြုံရေး တင်းကျပ်စွာချထားပြီး ကျေးရွာတော်တော်များများမှာ ညမထွက်ရ အမိန့်ထုတ်ထားသလို ဒေသခံတိုင်းရင်းသားများနဲ့ ဖွဲ့စည်းထားတဲ့ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီဝင်တွေနဲ့ ပြည်သူ့စစ်တွေကို လက်နက်ကိုယ်စီချပေးပြီး သံလမ်းနဲ့ မြို့တွေမှာ လုံခြုံရေးယူဖို့ အမိန့်ပေး ထားတယ်လို့လည်း ဒေသခံတွေက ပြောပါတယ်။

မြန်မာအစိုးရတပ်နဲ့ကချင်လွတ်လပ်ရေးတပ်ဖွဲ့(KIO)တို့ တိုက်ပွဲကြောင့် မြစ်ကြီးနား၊ ဗန်းမော်၊ လွယ်ဂျယ် ကားလမ်း မကြီး တလျှောက်က စစ်ပြေး ဒုက္ခသည်တွေဟာ KIO ထိန်းချုပ်ရာ နယ်မြေထဲကိုထွက်ပြေးခိုလှုံနေကြတာ လူဦးရေ ၂၀၀၀၀ ကျော်ရှိနေပြီလို့ KIO အရာရှိတွေကပြောပါတယ်။ တချို့ကတော့ တရုတ်ပြည်ဘက်ကို သွားရောက်နေထိုင်နေကြပေမဲ့ တရုတ်အစိုးရဘက်ကတော့ အခုလိုထွက်ပြေးလာတဲ့ ဒုက္ခသည်တွေကို တရားဝင် လက်ခံခြင်း မရှိသေးပါဘူး။

---

**စာမျက်နှာ ၁၇ မှ**

ပုံသေသတ်မှတ်ချက်မရှိတာကောင်းပါတယ်။

အထူးသဖြင့် ယာဉ်ပေါ် အတက်အဆင်းလုပ်ရမယ့် နေရာတွေကို ဂရုစိုက်ဖို့လိုပါတယ်၊ ခရီးတိုမှာဖြစ်စေ၊ ခရီးရှည်မှာဖြစ်စေ black spots နဲ့ အန္တရာယ်ရှိနိုင်တဲ့နေရာတွေကို သတိထားရပါမယ်။ အမြဲတမ်းအဆိုးဆုံးအတွက်ပြင်ဆင်ထားပြီး အဆင်သင့်ရှိနေဖို့လိုပါတယ်။

*နိဂုံး*

မော်တော်ယာဉ်တန်းတွေကို ambush လုပ်ပြီး၊ အရေးပါပုဂ္ဂိုလ် တွေရဲ့အသက်အန္တရာယ်ကို ရန်ရှာမှုတွေဟာ ကမ္ဘာနဲ့အဝှမ်းမှာ ဖြစ်ပွားခဲ့ပါတယ်။ ဒါကြောင့်မြို့တွင်းခရီးနဲ့ နယ်စည်းရုံးရေး ခရီးစဉ်တွေမှာ မော်တော်ယာဉ်တန်းလုံခြုံရေးနဲ့ambush ကြိုတင်ကာကွယ်ရေး၊ ambush ဖြစ်လာခဲ့ရင် ရင်ဆိုင်ကျော်လွှားနိုင်ရေးစတာတွေကို လုံခြုံရေးတာဝန်ယူထားသူများက ကျွမ်းကျင်စွာ စီမံထားဖို့လိုအပ်လှပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။

✡✡✡✡✡

# မြန်မာနိုင်ငံမှ ဘိန်းထုတ်လုပ်မှု လေးနှစ်အတွင်း နှစ်ဆကျော်တိုးလာ

**VOA ၊ ဇွန် ၂၃ ။** ။ ကမ္ဘာတဝန်း ဘိန်းထုတ်လုပ်မှုတွေ ပြီးခဲ့တဲ့နှစ်အတွင်း တိုးလာရတဲ့ အဓိကအကြောင်းရင်းဟာ မြန်မာနိုင်ငံမှာစိုက်ပျိုးမှုတွေ ပိုများလာတာကြောင့် ဖြစ်တယ်လို့ ကုလသမဂ္ဂ မူးယစ်ဆေးဝါး စောင့်ကြည့်လေ့လာနေတဲ့ အေဂျင်စီက ပြောဆိုလိုက်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှုတွေကမ္ဘာတဝန်းမှာ ကျဆင်းလာပေမဲ့ မြန်မာနိုင်ငံမှာတော့ ထုတ်လုပ်မှုတွေ၊မှောင်ခို ရောင်းဝယ်ဖောက်ကားမှုတွေနဲ့ သုံးစွဲမှုတွေ တိုးလာနေတယ်လို့လည်း ကုလသမဂ္ဂ မူးယစ်ဆေးဝါးနဲ့ ရာဇဝတ်မှု ဆိုင်ရာရုံး(UNODC) ရဲ့ အစီရင်ခံစာသစ်က ဖော်ပြလိုက်တာပါ။ မြန်မာနိုင်ငံကမူးယစ်ဆေးဝါး ထုတ်လုပ်မှုအခြေအနေတွေအပေါ် ကုလသမဂ္ဂရဲ့တွေ့ရှိချက်တွေကိုတော့ ဗွီအိုအေဝိုင်တော်သားကိုအောင်လွင်ဦးက တင်ပြပေးထားပါတယ်။

ဘိန်းနဲ့ တခြား မူးယစ်ဆေးဝါး ထုတ်လုပ်မှုတွေ ကမ္ဘာတဝန်းမှာ ကျဆင်းလာပေမဲ့ မြန်မာနိုင်ငံမှာတော့ အရင်ကထက် တိုးလာတယ်လို့ ၂၀၁၁ ခုနှစ် ကမ္ဘာ့ မူးယစ်ဆေးဝါးဆိုင်ရာ အစီရင်ခံစာ ထုတ်ပြန်ရာမှာ ပြောဆိုလိုက်တာပါ။ ဘိန်းစိုက်ပျိုးမှုအနေနဲ့ တကမ္ဘာလုံးမှာ ၂၀၀၉ ခုနှစ်တုန်းက ရှိခဲ့တဲ့ ပမာဏထက် ၂၀၁၀ ပြည့်နှစ်အတွင်း ၅% တိုးလာတယ်လို့ ကုလသမဂ္ဂမူးယစ်ဆေးဝါးနဲ့ရာဇဝတ်မှုဆိုင်ရာရုံး UNODC ရဲ့ အစီရင်ခံစာသစ်က ဖော်ပြပါတယ်။

ဒီအထဲမှာမှ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကမ္ဘာမှာ အများဆုံးဖြစ်တဲ့ အာဖဂန်နစ္စတန်နိုင်ငံမှာ လွန်ခဲ့တဲ့ ၃ နှစ်အတွင်း ထုတ်လုပ်မှုတွေ သိသိသာသာ ကျဆင်းသွားပေမဲ့ မြန်မာနိုင်ငံမှာတော့ တိုးလာနေတာမို့ ကမ္ဘာတဝန်းထုတ်လုပ်မှု ပမာဏတွေပိုများလာရတဲ့ အကြောင်းရင်းတခု ဖြစ်ခဲ့ရတယ်လို့ အစီရင်ခံစာက ပြောခဲ့တာပါ။

မြန်မာနိုင်ငံက ဘိန်းစိုက်ပျိုးမှုဟာဆိုရင် ၂၀၁၀ ပြည့်နှစ်အတွင်း အရင်တနှစ်ကထက် ၂၀% လောက် တိုးလာသလို ၂၀၀၆ ခုနှစ်ကစလို့ နှစ်စဉ် တိုးလာနေတာလို့လည်း ဖော်ပြပါတယ်။ ဘိန်းထုတ်လုပ်မှု အနေနဲ့ လွန်ခဲ့တဲ့ ၃ နှစ်ကျော်အတွင်း ၂ ဆကျော် တိုးလာတယ်လို့လည်းနယူးယောက် ကုလသမဂ္ဂရုံးချုပ်မှာ ကြာသပတေးနေ့က အစီရင်ခံစာထုတ်ပြန်ချိန်မှာ UNODC ရဲ့ အမှုဆောင် ညွှန်ကြားရေးမှူး Yury Fedotov က ပြောဆိုလိုက်ပါတယ်။

"ကမ္ဘာနဲ့အဝန်း ဘိန်းထုတ်လုပ်မှု ပမာဏမှာ မြန်မာနိုင်ငံဟာ ၂၀၀၇ ခုနှစ်မှာတုန်းက ၅% ရှိနေရာကနေ ၂၀၁၀ ပြည့်နှစ်မှာ ၁၂% အထိတိုးလာပါတယ်။"

မြန်မာအာဏာပိုင်တွေကတော့ မူးယစ်ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းတွေကို ဆောင်ရွက်နေသလို တိုင်းပြည်တွင်းက ဘိန်းစိုက်ခင်းတွေရဲ့ ၆ ပုံ ၁ ပုံ နီးပါးလောက်ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း မတ်လထဲမှာပဲ ပြောဆိုခဲ့တာပါ။ UNODC ရဲ့ အစီရင်ခံစာမှာတော့ မြန်မာနိုင်ငံ မြောက်ပိုင်းကချင်ပြည်နယ်နဲ့အရှေ့ဘက်ရှမ်းပြည်နယ်တွေမှာစိုက်ပျိုးပြီးဘိန်းဖြူအဖြစ်ထုတ်လုပ်ပြီးတဲ့ နောက်မှာတော့ အဓိကအားဖြင့် တရုတ်နိုင်ငံထဲကို ယူနန်ပြည်နယ်ကတဆင့် တင်ပို့နေတာကို တွေ့ရှိရကြောင်း ဖော်ပြထားပါတယ်။

ဘိန်းစိုက်ပျိုး ထုတ်လုပ်တဲ့ တိုင်းပြည်အဖြစ် သုံးစွဲမှုဟာလည်း ၂၀၀၈ ခုနှစ်မှာ ၆% ရှိနေရာက ၂၀၁၀ ပြည့်နှစ်ထဲမှာတော့ ၈% အထိ တိုးလာကြောင်းလည်း သတိပေးထားတာပါ။ ဒီလိုပဲ ATS လို့ အတိုကောက်ခေါ်ဝေါ်သုံးစွဲတဲ့စိတ်ကြွဆေးအမျိုးအစားမူးယစ်ဆေးဝါးထုတ်လုပ်မှုတွေဟာလည်း တနေ့တခြား ပိုများလာနေတယ်လို့ UNODC ရဲ့ အမှုဆောင်ညွှန်ကြားရေးမှူး Yury Fedotov က ပြောပါတယ်။

"ATS ထုတ်လုပ်မှု၊ မှောင်ခိုရောင်းဝယ် ဖောက်ကားမှုနဲ့ သုံးစွဲမှုတွေ ကြီးထွားလာနေတာအပြင် မြန်မာနိုင်ငံမှာ ဘိန်းစိုက်ပျိုးမှုတိုးလာတာ၊ ဒေသတွင်းမှာ ဘိန်းဖြူတွေ မှောင်ခိုမှုတွေဟာ ဒီကနေ့ တောင်အာရှဒေသမှာ အင်မတန်စိုးရိမ်စရာကိစ္စ ဖြစ်လာနေတဲ့အတွက် မူးယစ်ဆေးဝါးမှောင်ခိုရာ အချက်အချာဒေသတခုအဖြစ် ပြန်လည် ပေါ်ထွန်းလာမှာကို တားဆီးဖို့ မိတ်ဆွေတိုင်းပြည်တွေကြား ပိုမိုတက်တက် ကြွကြွဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။"

UNODCရဲ့ အစီရင်ခံစာသစ်မှာ ပြီးခဲ့တဲ့နှစ်အတွင်း ကမ္ဘာတဝန်း လူသန်းပေါင်း ၂၁၀ ကျော်၊ ဒါမှမဟုတ်ရင်လည်း အသက် ၁၅ နှစ် ကနေ ၆၄ နှစ်ကြား လူဦးရေရဲ့ ၄.၈% နှုန်းဟာ အနည်းဆုံး တကြိမ်လောက်တော့ မူးယစ်ဆေးဝါးသုံးစွဲဖူးတာကို တွေ့ရှိရကြောင်း ဖော်ပြထား ပါတယ်။နှစ်စဉ် လူပေါင်း ၂၀၀,၀၀၀ လောက်ဟာလည်း တရားမဝင် မူးယစ်ဆေးဝါးတွေကြောင့် သေဆုံးနေကြရတာမို့ အန္တရာယ်ဟာဘယ်လောက်တောင်ကြီးမားနေပြီလဲဆိုတာ သိသာနေတယ်လို့ အစီရင်ခံစာထုတ်ပြန်တဲ့ သတင်းစာရှင်းလင်းပွဲအတွင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Ban Ki-moon ကလည်း သတိပေးပြောဆိုခဲ့တာဖြစ်ပါတယ်။

## ဒေါ်အောင်ဆန်းစုကြည်မွေးနေ့KIOဌာနချုပ်မှာကျင်းပ

**RFA ၊ ဇွန် ၂၀ ။** ။ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ၆၆ နှစ်မြောက် မွေးနေ့ပွဲကို တရုတ်-မြန်မာနယ်စပ် လိုင်ဇာမြို့က KIO ကချင်လွတ်မြောက်ရေးအဖွဲ့ ဌာနချုပ်ရုံးတခုမှာ မနေ့က ကျင်းပခဲ့တယ်လို့ သတင်းရရှိပါတယ်။

ဒီအခမ်းအနားကို KIA ကချင်လွတ်မြောက်ရေးတပ်မတော် ထိပ်ပိုင်းခေါင်းဆောင်တွေ အစုံအလင်တက်ရောက်တဲ့အတွက် ခါတိုင်းနှစ်တွေထက်ထူးခြားတယ်လို့ တရုတ်-မြန်မာနယ်စပ်အခြေစိုက် စစ်ရေးလေ့လာသူ ဦးအောင်ကျော်ဇောက ပြောပါတယ်။

"စစ်ဦးစီးချုပ်အပါ ဒု စစ်ဦးစီးချုပ်နဲ့ ဦးစီးအရာရှိကြီးတွေ တက်ရောက်ပါတယ်။ ခါတိုင်း သူ့ဖာသာသူလုပ်တာပေမဲ့ ဒီနှစ် ထူးခြားတာကတော့ KIA ခေါင်းဆောင်အများစု ပါဝင်တက်ရောက်တာကိုတွေ့ရပါတယ်။"

ဒီမွေးနေ့ပွဲကို KIO အရာရှိတွေအပြင် ကချင်အမျိုးသမီးများအဖွဲ့ ဒီမိုကရေစီရေးလုပ်ရှားသူတွေနဲ့ ဒေသခံ ခရစ်ယာန်ဘာသာရေး ခေါင်းဆောင်တွေ တက်ရောက်ခဲ့ကြတယ်လို့ သိရပါတယ်။ ကေအိုင်အေအဖွဲ့ဟာ လွန်ခဲ့တဲ့သီးတင်းပတ်ကစလို့ မြန်မာအစိုးရတပ်တွေနဲ့ နေ့စဉ်ရက်ဆက်ဆိုသလို တိုက်ပွဲတွေဖြစ်ပွားခဲ့ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ရဲ့မွေးနေ့ပွဲကို တရုတ်နယ်စပ်အခြေစိုက် ဒီမိုကရေစီအင်အားစုတွေဦးဆောင်ပြီး ရွှေလီမြို့မှာပါ မနေ့က ကျင်းပခဲ့ပြီး ဘုန်းကြီးဆွမ်းကပ်လှူခဲ့ကြတဲ့အပြင် တခြား ကောင်းမှုကုသိုလ်တွေလည်း ပြုလုပ်ခဲ့ကြတယ်လို့သိရပါတယ်။

# အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်တွင် တွေ့ဆုံ

**MIZZIMA ၊ ဇွန် ၂၂။** ။ အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် နီရူပါမာရောင်းနှင့် မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်တို့ တနင်္လာနေ့က ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်တွင် တွေ့ဆုံဆွေးနွေးကြသည်ဟု ရန်ကုန်မှလာသော Indo-Asian News Ser vice သတင်းတွင်ပါရှိသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များပါ ပါဝင်သော အစည်းအဝေးက တနာရီခန့်ကြာမြင့်ဟု IANS သတင်းတွင် ရေးသားထားသည်။ သုံးရက်ကြာအိန္ဒိယကိုယ်စားလှယ်၏ခရီးစဉ်ပထမဆုံးနေ့တွင် တွေ့ဆုံခြင်းသည် အိန္ဒိယအနေဖြင့် မြန်မာအတိုက်အခံ ခေါင်းဆောင်နှင့် ပထမဆုံး အဆင့်မြင့်တွေ့ဆုံမှုလည်း ဖြစ်သည်။

အိန္ဒိယတွင်ပညာသင်ကြားခဲ့သူ ဒေါ်အောင်ဆန်းစုကြည်နှင့် မစ္စနီရူပါမာရောင်းတို့ " နှစ်ယောက်သား အိန္ဒိယနဲ့မြန်မာဆက်ဆံရေးအကြောင်းပြောကြတယ်" ဟု IANS က အိန္ဒိယအရာရှိတဦးကို ကိုးကား၍ရေးသားထားသည်။ ထူးခြားနေသည်မှာ အကြီးတန်း အရာရှိတဦးမှလွဲ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များက တွေ့ဆုံမှုကိုမသိရှိကြခြင်း ဖြစ်သည်။

တွေ့ဆုံပါသည်ဟု ဖြေကြားသူကတော့ ဆွေးနွေးမှု အကြောင်းအရာကိုဖြေဆိုရန်ငြင်းဆိုပြီး အစောပိုင်းက အိန္ဒိယကိုယ်စားလှယ် အဖွဲ့အနေဖြင့် တွေ့ဆုံရန်အစီအစဉ်မရှိသော်လည်း " ဝေဖန်မှုခံရမှာ စိုးသဖြင့်" လာရောက်တွေ့ဆုံခြင်းသာဖြစ်သည်ဟုဆိုသည်။

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်အမ်ခရစ်ရှ်နား ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အင်္ဂါနေ့က နေပြည်တော်တွင် ဒုတိယသမ္မတ တင်အောင်မြင့်ဦးနှင့်တွေ့ဆုံခဲ့ပြီးဖြစ်သည်။

အိန္ဒိယမှလှူဒါန်းဆောက်လုပ်ပေးခဲ့သော တန် ၅၀၀ ဆံ့ Food Security Shelter တခုကို စာရွက်စာတမ်းများ လွှဲပြောင်းပေးခြင်းနှင့် တာလေမြေငလျင်ဘေးအတွက် ငွေလှူဒါန်းခြင်းများပြုလုပ်ခဲ့သည်ဟု မြန်မာ့အလင်းသတင်းစာတွင်ပါရှိသည်။

ထို့အပြင် မြင်းခြံမြို့တွင် စက်မှုသင်တန်းကျောင်းတကျောင်းထူထောင်ပေးရန် အိန္ဒိယကသဘောတူညီချက်လက်မှတ် ရေးထိုးခဲ့သေးသည်ဟုလည်းပါရှိသည်။

ခရီးစဉ်မတိုင်ခင်တွင် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက နှစ်နိုင်ငံနယ်ခြားဒေသများကို ဆက်စပ်ပေးထားသည့် ကုလားတန် ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းအကြောင်းသည်လည်း ထည့်သွင်းဆွေးနွေးမည့် အရာတခုဟု နယူးဒေလီတွင် သတင်းထောက်များကို ပြောကြားခဲ့ သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာ့ဒီမိုကရေစီအရေးကို ကျယ်ကျယ်လောင်လောင် ထောက်ခံခဲ့သည့် အိန္ဒိယသည် အရှေ့မျှော်ဝါဒကျင့်သုံးလာချိန်အတွင်း မြန်မာအစိုးရနှင့် ဆက်ဆံရေးကောင်းရန် ဦးစားပေးလုပ်ဆောင်ခဲ့သည်။

သို့သော်လည်း မြန်မာနိုင်ငံတွင် တရုတ်၏လွှမ်းမိုးမှုကို အမီလိုက်နိုင်ရန် ကြိုးစားနေသည့်အိန္ဒိယသည် နောက်ကွယ်တွင် မြန်မာ့ဒီမိုကရေစီအရေးအတွက် နားချပြောဆိုမှုမျိုးရှိသည်ဟု လေ့လာသူများက ပြောသည်။

Voice of Burma

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**

**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**